တပေါ စ တေံ မင်္ဂလ မုတ္တမံ၊ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၂၉)

နိုင်ငံတော်၏ အချုပ်အခြာအာဏာ

နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကျင့်သုံးရာတွင် ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းပြုရန် အခြေခံမှု ချမှတ်ထားသည်။

ပြောင်းလဲကျင့်သုံးသည့် နိုင်ငံရေး၊ စီးပွားရေးစနစ်ကို ပဲ့ကိုင်နိုင်စွမ်းရှိသည့်အခြေခံဥပဒေ ခိုင်ခိုင်မာမာရှိရန် အရေးကြီး အတိတ်ဖြစ်ရပ်များ သင်ခန်းစာယူ၊ ပစ္စုပ္ပန်တွင်မြင်တွေ့ရသည့် ဂိုလ်ဘယ်ဂလေဘစ်၊ ဝါဒစွဲနှင့် နယ်ချဲ့အန္တရာယ်များ သတိမူ အနာဂတ်နိုင်ငံတော် အမြဲအခိုင်ကျင်းပြီး ကိုယ့်ပြည်သူများသာ ကိုယ့်အရေးကိုဆုံးဖြတ်နိုင်အောင် ကြိုးစားကြ အသေးစိတ်အခြေခံရမည့်မူအားလုံးသည် သိမ်မွေ့နက်နဲပြီး ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွား ဦးတည်စဉ်းစား ဒိုတာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး ရှုထောင့်မျိုးစုံကသုံးသပ်၍ သင့်လျော်သည့် ဥပဒေပြုစာရင်းများ စဉ်းစားပြုစု

ရန်ကုန်   မေ   ၁၈

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ယနေ့ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာပါဝင်မယ့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ် အခြေခံရမယ့်မူတွေကို ၁၉၉၅ခုနှစ် နိုဝင်ဘာလ၂၈ရက်နေ့မှ ၁၉၉၆ခုနှစ် မတ်လ ၃၀ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံက အောင်မြင်စွာချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအမျိုးသားညီလာခံ ကျင်းပခဲ့တဲ့ ၁၉၉၆ ခုနှစ် မတ်လ ၃၀ရက်နေ့မှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်မိန့်ခွန်း ပြောကြားရာမှာ “ကျွန်တော်တို့မြန်မာနိုင်ငံမှာ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တွေဟာ အခြေခံကစပြီး ပြောင်းလဲကျင့်သုံးရမှာဖြစ်လို့ အဲဒီလို ပြောင်းလဲသွားတဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နဲ့ သဟဇာတဖြစ်ရမယ့်အပြင် ပြောင်းလဲကျင့်သုံးတဲ့ နိုင်ငံရေးစနစ်၊

စာမျက်နှာ ၇ ကော်လံ ၁ ■

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်စဉ်နှင့် တက်ရောက်သူများကို တွေ့ရစဉ်။

(မြန်မာ့အလင်း)

အမျိုးသားညီလာခံကို ကြိုဆိုပါ၏။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၁၉ ရက်)

အခြေခံဥပဒေ ရေးဆွဲနိုင်ရေး ခိုင်မာသည့် အခြေခံရမည့်မူများ ချမှတ်နိုင်ငံနှင့် ပြည်သူအကျိုး ဦးတည်ချက်နှင့်အညီ တင်ပြ

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက် ရှိသည်။

ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိပါက နိုင်ငံတော်ဟူ၍ ပီပြင်စွာ မရှိနိုင်၊ နိုင်ငံတော်ဟူ၍ ပီပြင်စွာ မရှိပါက စနစ်တကျ တိုးတက်သော လူ့အဖွဲ့အစည်းဟူ၍ မရှိနိုင်ဟူသော နိုင်ငံရေးသိပ္ပံပညာရှင်များ၏ အဆိုအမိန့်အရ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်သစ်ပေါ်ပေါက်ရေးတွင် အဓိကကျလျက်ရှိကြောင်း တွေ့မြင်နေရသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် အခြေခံဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကို အမျိုးသားညီလာခံကြီးက ချမှတ်ပေးရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် အတိအလင်း ကြေညာခဲ့သည်။ အဆိုပါ မူဝါဒလမ်းစဉ် (၇)ရပ်အနက် ပထမအဆင့်အဖြစ် ၁၉၉၆ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေလ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပနိုင်ခဲ့ပြီ ဖြစ်သည်။

မေလ ၁၇ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ စတင်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာတွင်-

"ကျွန်တော်တို့ နိုင်ငံအတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးဟာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ပါတယ်။ အသက်တမျှအရေးကြီးတဲ့ ဒီတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရန်အတွက် ကျွန်တော်တို့တစ်တွေ ဒီအစည်းအဝေးခန်းမထဲကို ရောက်ရှိလာကြတာ ဖြစ်ပါတယ်။ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် ခိုင်မာတဲ့အခြေခံရမည့်မူများ ချမှတ်ရေးဟာ အရေးကြီးလှပါတယ်"

ဟူ၍ ပြောကြားသွားသည်။

၁၉၉၃ ခုနှစ်မှ ၁၉၉၆ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်မူ (၁၀၄) ချက်နှင့် အသေးစိတ် အခြေခံရမည့်မူများကို အဆိုပါ ညီလာခံသို့ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များက သဘောတူချမှတ်နိုင်ခဲ့ကြပြီး ဖြစ်သည်။

ယခုအခါ ယခင်ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံမှ ချမှတ်ခဲ့သည့် အခြေခံရမည့်မူများအနက် ကျန်ရှိသည့် အခြေခံရမည့်မူများအတွက် အသေးစိတ် အခြေခံရမည့်မူများကို ဆက်လက်ညှိနှိုင်းဆွေးနွေး အတည်ပြု ချမှတ်သွားရမည်ဖြစ်သည်။ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များအနေဖြင့် ယခင်ကကဲ့သို့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့ ပါဝင်ဆွေးနွေးလျက်ရှိကြသည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် အတူတကွ ချစ်ကြည်ရင်းနှီးစွာ မှီတင်းနေထိုင်ကြသည့်အတွက် ယင်းတိုင်းရင်းသားများကို ကိုယ်စားပြုသည့် တိုင်းရင်းသား ကိုယ်စားလှယ်အများစုလည်း ပါဝင်သည်။

အမျိုးသားညီလာခံကြီးက ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေးအတွက် ခိုင်မာသည့် အခြေခံရမည့် မူများကို ချမှတ်ပေးနိုင်ရန် လိုပေသည်။

သို့ဖြစ်ရာ ညီလာခံကိုယ်စားလှယ်များအနေဖြင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ မပါဘဲ နိုင်ငံတော်၏ အကျိုး၊ ပြည်သူများ၏ အကျိုးအတွက် မိမိတို့တင်ပြလိုသည့် ဆန္ဒသဘောထားများနှင့် အကြံပြုချက်များကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ထုတ်ပြန်ထားသည့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ချက်နှင့် အညီ ညှိနှိုင်းဆွေးနွေးအကြံပြုတင်ပြပေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းတိုင်းမှ တိုင်း၊ ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဝင်များအား တိုင်းမှူးနှင့် ဝန်ကြီး တွေ့ဆုံ

ရန်ကုန် မေ ၁၈

စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နာယက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့သည် မေ၁၅ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာခန်းမ၌ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မုံရွာနှင့် စစ်ကိုင်းခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဝင်များအား တွေ့ဆုံသည်။

အစီအစဉ်အရ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က မုံရွာခရိုင်၊ စစ်ကိုင်းခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက စည်းရုံးရေး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ အဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌများက မိမိတို့ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်နှစ်ခုအတွင်းရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် လုံချည်များကို ဝန်ကြီးက သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသို့ လွှဲပြောင်း ပေးအပ်သည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရွှေဘိုခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့နှင့် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဝင်များအား မေ၁၆ရက်တွင် ရွှေဘိုမြို့ မြို့နယ်ခန်းမ၌ တွေ့ဆုံရာ ရွှေဘိုခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က လုပ်ငန်း ဆောင်ရွက်နိုင်မှုနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။

အမှာစကားပြော

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားပြီး ရွှေဘိုခရိုင်အတွင်းရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် လုံချည်များကို ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌသို့ လွှဲပြောင်းပေးအပ်သည်။ **(သတင်းစဉ်)**

မေ ၁၇ ရက်က အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ (GDP) တွက်ချက်မှု သင်တန်း အမှတ်စဉ် (၁/၂၀၀၆-၂၀၀၅) ဖွင့်ပွဲအခမ်းအနားတွင်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြို့နယ်စည်းရုံးရေး အခြေခံ(ဆင့်ပွား)သင်တန်းဆင်းပွဲ

ရန်ကုန် မေ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (နယ်မြေတာဝန်ခံ)အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့နံနက် ၉ နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မြို့နယ်စည်းရုံးရေး အခြေခံ(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁၉)ဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေများပေးအပ်ကြရာ ဗဟိုအလုပ်အမှုဆောင် အားကစား ဝန်ကြီးဌာနဝန်ကြီးက ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၆)ရပ်ကွက် အမှတ် (၁၀) အခြေခံပညာ မူလတန်းကျောင်း မွမ်းမံပြင်ဆင်ရန် အလှူငွေ ကျပ်နှစ်သိန်း၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အလှူရှင်ခြောက်ဦးတို့က သင်တန်းအတွက်အလှူငွေ ကျပ် တစ်သိန်းခြောက်သောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် သင်တန်းတွင် ဆုရရှိကြသူများအား ဝန်ကြီးက ဆုချီးမြှင့်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၉-၅-၂၀၀၆
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Public Finance (အိမ်တွင်းစီးပွား၊ဥပဒေ)
- ၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း-၁၂)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမုန်တရားဘက်က လှုပ်ရှားစားသမား"** (အပိုင်း-၁)

အမျိုးသားညီလာခံအောင်မြင်မှ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းမည်

ဦးဖြိုး

ကမ္ဘာပေါ်၌ အချုပ်အခြာအာဏာပိုင်သော နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိသည်ဟု အမေရိကမှ ထုတ်ဝေသော၊ အုပ်ရေသန်း ၈၀ကျော် ရောင်းရသည်ဆိုသော New York Times Bestseller The World Almanac and Book of Facts 2004 ၌ ဖော်ပြထားလေသည်။ အင်္ဂလန်မှ ထုတ်ဝေသော The Whitaker Almanac စာအုပ်ကြီး၌မူ ကမ္ဘာပေါ်၌ အချုပ်အခြာအာဏာပိုင် နိုင်ငံပေါင်း ၂၆၅နိုင်ငံအထိရှိသည်ဟု ဖော်ပြထားပြန်သည်။ အချို့သောပြည်ထောင်စုနိုင်ငံ၌ ပါဝင်သော ပြည်နယ်အစိုးရများကို နိုင်ငံတစ်ခု (Republic)အဖြစ် ရေတွက်ရာမှ ထိုမျှအထိ တိုးပွားလာခြင်းပင် ဖြစ်ပေလိမ့်မည်။

ကမ္ဘာပေါ်၌ လူဦးရေသန်းပေါင်း ၆၃၀၀ကျော်ရှိပြီး လူဦးရေသန်းရာချီရှိသော နိုင်ငံများမှာ ၁၁နိုင်ငံမျှရှိသည်။ ၎င်းတို့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လူဦးရေသန်းပေါင်း ၁၃၀၀၊ အိန္ဒိယ လူဦးရေသန်း ၁၀၀၀၊ အမေရိကန်လူဦးရေ ၂၈၂သန်း၊ အင်ဒိုနီးရှား လူဦးရေ ၂၁၉သန်း၊ ဘရာဇီးလူဦးရေ ၁၇၈သန်း၊ ပါကစ္စတန် လူဦးရေ ၁၅၃သန်း၊ ဘင်္ဂလားဒေ့ရှ် လူဦးရေ ၁၄၆သန်း၊ ရုရှားဖက်ဒရေးရှင်းလူဦးရေ ၁၄၃ သန်း၊ ဂျပန် လူဦးရေ ၁၂၇သန်း၊ နိုင်ဂျီးရီးယား လူဦးရေ ၁၂၄သန်းဟူ၍ အသီးသီးရှိသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများအနက် ၁၉၁နိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများ ဖြစ်ကြသည်။

အချုပ်အခြာအာဏာပိုင်သော နိုင်ငံပေါင်း၁၉၃နိုင်ငံ အနက် ဗြိတိန်နှင့်နယူးဇီလန် နှစ်နိုင်ငံသာလျှင် ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ(Constitution) မရှိဘဲ ကျန်နိုင်ငံပေါင်း ၁၉၁နိုင်ငံမှာမူ မိမိတို့၏ အခြေအနေနှင့် ဆီလျော်သော ဖွဲ့စည်းပုံအခြေခံဥပဒေ အသီးသီးရှိကြလေသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ၂၀၀၄ ခုနှစ်၌ လူဦးရေ ၅၃ သန်းကျော် ရှိလေသည်။ နှစ်စဉ်လူဦးရေ ကိုးသိန်းခန့် တိုးပွားနေပေသည်။ တစ်ရက်လျှင် ၂၈၈၀၊ တစ်လလျှင် ၈၆၄၀၀ တိုးပွားလျက်ရှိသည်။ မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော်ရှိပြီး လွန်ခဲ့သော နှစ်၂၀၀၀ကျော်ကပင် ယဉ်ကျေးမှု ထွန်းကားခဲ့သော နိုင်ငံဖြစ်သည်။

ကမ္ဘာ့သမိုင်းတွင် သမိုင်းဦးဘုံမြေခေတ်၊ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်ဟူ၍ ခေတ်အဆက်ဆက် ဖြတ်သန်းလာသည့်နည်းတူ မြန်မာနိုင်ငံသည်လည်း အေဒီ၁၈၈၅ အထိ သက်ဦးဆံပိုင်ဘုရင် အုပ်စိုးသောခေတ် (မြေရှင်ပဒေသရာဇ်ခေတ်) ရှိခဲ့သည်။

ဝိသမလောဘသမား နယ်ချဲ့ဗြိတိသျှများက အင်အား အားကိုးဖြင့် နိုင့်ထက်စီးနင်း မတရားကျူးကျော် တိုက်ခိုက်သိမ်းပိုက်မှုကြောင့် ၁၈၈၅ခုနှစ်မှစ၍ ကျွန်ဘဝသို့ လုံးလုံးလျားလျား ရောက်ခဲ့ရသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား မျိုးချစ်သူရဲကောင်း အထောင်အသောင်းသည် နယ်ချဲ့ကို ရှုပ်ရှုပ်ချွံချွံ ခုခံတွန်းလှန်ခဲ့ကြသည်။ နောက်ပိုင်းတွင် အမျိုးသားလွတ်မြောက်ရေးအတွက် စစ်ရေးသာမက နိုင်ငံရေးဖြင့်ပါ ဆန့်ကျင် တိုက်ပွဲဝင်ခဲ့ကြသည်။ သို့နှင့် ၁၉၄၈ခုနှစ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ဘဝကို ပြန်လည်ရရှိခဲ့သည်။

မြန်မာနိုင်ငံကို ဖွဲ့စည်းအုပ်ချုပ်ခြင်းနှင့်စပ်လျဉ်း၍ စေ့ငုသော အခါ ခေတ်မီအုပ်ချုပ်ရေးစနစ်ကျင့်သုံးခွင့်ရစေရန် သူ့ခေတ်သူ့အခါ အလျောက် တိုးစမ်းကြိုးပမ်း ဆောင်ရွက်လာခဲ့သည်။ တစ်ခုမကောင်း တစ်ခု ပြောင်းလာခဲ့သည်။

ရှေးဦးစွာ သက်ဦးဆံပိုင်ဘုရင် အုပ်စိုးနေသော ခေတ်၌ပင် ခေတ်မီအုပ်ချုပ်ရေးစနစ်ကို ထူထောင်နိုင်ခွင့်ရလိုရငြား ကြိုးပမ်းမှု တစ်ခုရှိခဲ့ဖူးသည်။

မြန်မာနိုင်ငံမှာ လွန်ခဲ့သော၁၂၆နှစ်၊ ကောဇာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ် နတ်တော်လဆန်း ၇ ရက်နေ့မှာ ယောမင်းကြီးဦးဘိုးလှိုင် ရေးသားပြုစုသော 'ရာဇဓမ္မသင်္ဂဟကျမ်း' ပေါ်ခဲ့ပါသည်။ ထိုကျမ်းသည် မြန်မာနိုင်ငံအဖို့ ရှေးအကျဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုရလောက်သည့် အတွေးအခေါ်အယူအဆများပါဝင်သော ကျမ်းတစ်ဆူပင် ဖြစ်သည်။ ထိုကျမ်းက ညွှန်ပြနေသည်မှာ သက်ဦးဆံပိုင်ဘုရင်စနစ်အစား စည်းမျဉ်းခံ ဘုရင်စနစ် (Constitutional Monarchy) ကျင့်သုံးရန် ရေးသားတင်ပြလိုက်သော ကျမ်းပင် ဖြစ်သည်။ ထိုရာဇဓမ္မသင်္ဂဟ ကျမ်း၌ ဒီမိုကရေစီအငွေ့အသက်များ ပါဝင်လေသည်။ ထိုကျမ်း၌ ဥပဒေပြုသည့်စနစ်နှင့်ပတ်သက်၍ ဥရောပအတွေ့အကြုံကို အခြေခံပြီး ရေးသားဖော်ပြချက်များ ပါရှိသည်။ ပါရှိပုံမှာ "နိုင်ငံတွင်းမြို့၊ ကျေးရွာတို့က သဘောတူပေးသည့် လူကြီးစုတစ်သင်းနှင့် အရိုးအစဉ်အတိုင်း လာသမျှသော မှူးမတ်စုတစ်သင်းတို့ဖြင့် ဥပဒေပြုနှစ်ဌာနရှိကြောင်း"ဟူ၍ ဖော်ပြထားလေသည်။ အောက်လွှတ်တော် (House of Common) နှင့် အထက်လွှတ်တော် (House of Lords) ကို ရည်ညွှန်းခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံအဖို့ ဒုတိယအကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို လွန်ခဲ့သော၆၉နှစ်က ကြုံရသေးသည်။ အခြားမဟုတ်ပေ။ ၁၉၃၅ ခုနှစ် မြန်မာပြည်အက်ဥပဒေ 'Burma Act 1935'ပင်ဖြစ်ပါသည်။ မြန်မာတွေ ကျွန်သက်ရှည်ဖို့၊ နယ်ချဲ့ဗြိတိသျှတွေ ဆက်လက်သွေးစုပ်ခြယ်လှယ်ဖို့ ပြဋ္ဌာန်းခဲ့သော ဖိနှိပ်ရေးဥပဒေပင်ဖြစ်သည်။ ထိုအက်ဥပဒေကို မြန်မာပြည် အုပ်ချုပ်ရေးသစ်အက်ဥပဒေဟု ဗြိတိသျှတို့က ခေါ်ဝေါ်ပြီး ဗြိတိသျှပါလီမန်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ မြန်မာတို့က ၉၁ ဌာန အုပ်ချုပ်ရေးဥပဒေဟု အသိများခဲ့သည်။ ထိုဥပဒေ သက်ဆိုးမရှည်ပါ။

တတိယအကြိမ်မြောက် မြန်မာနိုင်ငံ အခြေခံဥပဒေတစ်ရပ်သည်လည်း လွန်ခဲ့သော ၆၁နှစ်က ပေါ်ပေါက်ခဲ့ပြန်သည်။ အခြားမဟုတ်ပါ၊ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်ကပေးသော ရွှေရည်စိမ်လွတ်လပ်ရေးနေ့၌ ကြေညာခဲ့သော အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေပင်ဖြစ်သည်။ ထိုအချိန်မတိုင်မီ ၁၉၄၃ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် မြန်မာလူထု၏ လွတ်လပ်ရေးလိုချင်သောဆန္ဒကို ပျားရည်နှင့်ဝမ်းချသောအားဖြင့် ဂျပန်အစိုးရက မြန်မာခေါင်းဆောင်များကို တိုကျိုသို့ ဖိတ်ခေါ်ဆွေးနွေးခဲ့သေးသည်။ ထို့နောက် အတုအယောင်လွတ်လပ်ရေးကို ပေးခဲ့သည်။ ထိုစဉ်က အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေဟု ခေါ်သည်။ နိုင်ငံ၏အကြီးအကဲကို အဓိပတိဟု ခေါ်လေသည်။ စက္ကူပေါ်တွင် ရွှန်းရွှန်းဝေအောင် ရေးသားထားသော်လည်း လက်တွေ့၌ မြန်မာတို့အဖို့ အာဏာမရှိပေ။

မြန်မာနိုင်ငံအဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး ကြိုးပမ်းမှု စတုတ္ထအကြိမ် ဖြစ်ပေါ်ခဲ့ပြန်သည်။ သည်တစ်ခါ တစ်သုံးလုံးကော်မရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးကို ဖုတ်ပူမီးတိုက် ကြိုးစားရခြင်းပင်ဖြစ်သည်။ ဖြစ်ပုံမှာ အင်္ဂလန်ပါလီမန်၌ မြန်မာကိုကြည်ဖြူသော ကလဲမင့်အက်တလီ ခေါင်းဆောင်သည့် လေဘာပါတီနှင့် ပြိုင်ဘက်ဖြစ်ပြီး မြန်မာအပေါ် အလွန်ပင် အဘိဋ္ဌာပွားသော ချာချီခေါင်းဆောင်သည့် ကွန်ဆာဗေးတစ်ပါတီ ရှိကြသည်။ ကံအားလျော်စွာ လေဘာပါတီက အာဏာရပါတီ ဖြစ်သည်။ နောင်ကျင်းပတော့မည့် ရွေးကောက်ပွဲ၌ လေဘာပါတီ ပြန်ပြီး အာဏာရဖို့မှာ သေချာသောကိစ္စမဟုတ်ပေ။ ကွန်ဆာဗေးတစ်ပါတီသာ အာဏာရသွားလျှင် မြန်မာ့လွတ်လပ်ရေး ရေစုန်မျောဦးတော့မည်။ ထို့ကြောင့် အောင်ဆန်း–အက်တလီစာချုပ် အမြန်ချုပ်၊ ဗြိတိန်အာဏာရပါတီက လိုချင်သော မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြန်ရေးပြီး အမြန်တင်ပြရမည်။ အမြန်ရေးနိုင်ဖို့ အခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူပညာရှင် မစ္စတာရောင်းအား အိန္ဒိယမှ အကူအညီခေါ်ယူ တိုင်ပင်ကြသည်ဟု အမှတ်အသားရှိခဲ့သည်။

ထို ၁၉၄၇ အခြေခံဥပဒေ၌ လွတ်လပ်ရေးရပြီးသောအခါ ခွဲထွက်လိုက ခွဲထွက်နိုင်သည်ဆိုသော မလိုလားအပ်သည့် အချက်တစ်ချက် မပါသင့်ဘဲလျက် ပါသွားခဲ့သည်။ ကမ္ဘာပေါ်၌ ပြည်ထောင်စုစနစ် ကျင့်သုံးသောနိုင်ငံ နှစ်ဒါဇင်လောက်ရှိရာတွင် ဆိုဗီယက်ယူနီယံနှင့် ယူဂိုဆလားဗီးယား ပြည်ထောင်စုတို့တွင်သာ ထိုခွဲထွက်ခွင့်မျိုး ပါခဲ့ဖူးသည်။ အမေရိကန်၊ ကနေဒါ၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ နိုင်ဂျီးရီးယား၊ ဩစတြေးလျ၊ ဘရာဇီး၊ အိန္ဒိယ၊ ပါကစ္စတန်၊ မလေးရှား၊ ဘယ်လ်ဂျီယံ၊ မက္ကဆီကို စသည့် ပြည်ထောင်စုနိုင်ငံများ၌ ခွဲထွက်ခွင့်ဟူ၍ တစ်လုံးတစ်ပါဒမျှ မပါပေ။ **အလိုလောဘကြီးသော၊ ပြည်ထောင်စုစိတ်ဓာတ် ပျော့ညံ့သော ပြည်ပအားကိုးသူအချို့ကသာ ခွဲထွက်ခွင့်ပါဖို့ လူနာအမဲခြောက်တောင်းသလို တောင်းခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ထိုအချက်ကို မနှစ်မြို့ပေ။ "ခင်ဗျား တို့ဟာက ပေါင်းတောင် မပေါင်းရသေးဘူး၊ ခွဲဖို့အရင်ပြောနေတာတော့ မသင့်ပါဘူးဗျာ"** ဟု ညည်းတွားခဲ့ဖူးသည်။ လွတ်လပ်ရေးရပြီး ၁၀နှစ်အတွင်း ထိုမကောင်းသော အယူအဆ၊ မလိုလား အပ်သော အာသီသကို ပပျောက်စွန့်လွှတ်သွားအောင် ပြည်ထောင်စု တစ်ခုလုံး၏ ဖွံ့ဖြိုးရေးတွေလုပ်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးတွေ ထွန်းကားသွားလျှင် ခွဲထွက်ရေးဆိုသော အယူအဆမှာ နေလာ နှင်းပျောက်ဖြစ်မည်ဟု မျှော်လင့်ခဲ့သည်။

၁၉၆၂ ခုနှစ် အာဏာရပါတီအကွဲအပြဲ (ဦး၊ ဗိုလ်၊ သခင်) အားနည်းနေချိန် စော်ဘွား လက်တစ်ဆုပ်စာက ခွဲထွက်ရေး ရှေးရှုခြေလှမ်းဖြစ်သော ဖက်ဒရယ်မူကို တင်လာသည်။ စင်စစ် ကွန်ဖက်ဒရေးရှင်း (ခေါ်) အချုပ်အခြာအာဏာပိုင် ပြည်နယ်များ အဖွဲ့ချုပ်သဘောကို ဦးတည်ခဲ့ခြင်းပင်ဖြစ်သည်။ ယင်းသဘောထားမျိုးကို အမေရိကန်တွင်ပင် ပထမပိုင်း ၁၀ နှစ်ကျော် စမ်းသပ်ခဲ့ပြီး လက်တွေ့တွင် မကောင်းမှန်း၊ ပြည်ထောင်စုကို အင်အားချည့်နဲ့ စေမှန်းသိလာ၍ ၁၇၈၉ တွင် ပြည်ထောင်စု ဖွဲ့စည်းခဲ့ရခြင်းဖြစ်သည်။ **မြန်မာနိုင်ငံ၌ ပြည်ထောင်စုပြိုကွဲရေး ခြေလှမ်းပြင်သော ၁၉၆၂ ခုနှစ်၏ ဟိုဘက် အနှစ်တစ်ရာတိတိ ၁၈၆၂ ခုနှစ်၌ အမေရိကန်တွင် ဘာဖြစ်ခဲ့သနည်း၊ အမေရိကန်ပြည်ထောင်စုမှ ခွဲထွက်ရန် ကြိုးစားသော တောင်ပိုင်းပြည်နယ်များကို သမ္မတ အီဗရာဟင်လင်ကွန်း ခေါင်းဆောင်သော ပြည်ထောင်စုတည်တံ့ရေး အမေရိကန် တပ်မတော်က တိုက်ခိုက်**

စာမျက်နှာ ၆ ကော်လံ ၁ သို့

မရှိမဖြစ်လိုအပ်နေသော အခြေခံမှုနှင့် အသေးစိတ်အခြေခံမှုများရရှိရေး ပွင့်ပွင့်လင်းလင်းအားရပါးရ ဆွေးနွေးဝေဖန်အကြံပြု

ယခုပထမအဆင့်ဖြစ်သော ၁၉၉၆ ခုနှစ်က ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့သည့် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပနေပြီ ဖြစ်သည်။ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် မရှိမဖြစ် လိုအပ်နေသော အခြေခံမှုနှင့် အသေးစိတ် အခြေခံမှုများရရှိရေးကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့က စုံစုံညီညီဖြင့် ပွင့်ပွင့်လင်းလင်း အားရပါးရ ဆွေးနွေးဝေဖန် အကြံပြုကြပေတော့မည်။

အီရတ်အကျဉ်းသားများကို ကန်တပ်ဖွဲ့ဝင်တို့နှိပ်စက်မှု ကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ် ဝန်ချတောင်းပန်

ဂျော်ဒန် မေ ၁၇

တရားမျှတမှုဖြစ်စေမည်ဟု ကောလင်းပါဝဲလ် မိန့်ခွန်းပြောကြားပြီး နောက်တစ်နေ့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်မှုအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က တနင်္ဂနွေနေ့၌ ဝန်ချတောင်းပန်လိုက်သည်။

အဘူဂါရိပ်အကျဉ်းထောင်၌ အမေရိကန်ထောင်မှူးများက အီရတ်အကျဉ်းသားများအား အရှက်ရအောင် မတရားလုပ်ဆောင်ခဲ့သည်ကို ဝမ်းနည်းကြောင်း မေ ၆ ရက်၌ သမ္မတဂျော့ဒဗလျူဘုရှ်က ပြောကြားခဲ့သည်။

ယူကျုံးမရ

သမ္မတသည် နိုင်ငံကိုယ်စား တောင်းပန်ခဲ့ကြောင်း၊ အဘူဂါရိပ်အကျဉ်းထောင်၌ဖြစ်ပွားခဲ့သော အဖြစ်အပျက်များအတွက် မိမိတို့ ယူကျုံးမရ စိတ်ထိခိုက်မှုဖြစ်ရကြောင်း၊ အလွန်အကျင့်ဆိုးခဲ့ကြသောအမှုကို ကျူးလွန်ခဲ့ကြသူများအတွက် မိမိတို့တောင်းပန်ပါကြောင်း ပါဝဲလ်က သတင်းထောက်များကို ပြောကြားသည်။

ပါဝဲလ်သည် အကျဉ်းသားများ မတရားနှိပ်စက်ခံရမှုအပေါ် အာရပ်တို့၏ဒေါသပြေစေရန်ရည်ရွယ်လျက် မိန့်ခွန်းပြောကြားပြီး နောက်တစ်နေ့တွင် ဂျော်ဒန်၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ပါဝဲလ်သည် မိန့်ခွန်းပြောကြားခဲ့စဉ်က ပွင့်ပွင့်လင်းလင်း တောင်းပန်ခဲ့ခြင်းမရှိဟု ဆိုသည်။

သံသယဖြစ်

ဂျော်ဒန်နိုင်ငံ၌ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ပါဝဲလ်စနေနေ့၌ ပြောကြားခဲ့သော မိန့်ခွန်းကို အာရပ်စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံရေးသမားများ ကြားခဲ့ရပြီး မတရားညှဉ်းပန်းမှုဖြင့် စွပ်စွဲထားသူများကို အမေရိကန်ပြည်ထောင်စုက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပေးခဲ့သည့်ကတိစကားအား သံသယဖြစ်ခဲ့ကြပြီး သူ၏ရိုးသားမှုကို မေးခွန်းထုတ်ခဲ့ကြသည်။

အာရပ်ကမ္ဘာ၌ အမေရိကန်ပြည်ထောင်စုအပေါ် ယုံကြည်အားထားမှုသည် အီရတ်၌ အကျဉ်းသားများ မတရားနှိပ်စက်မှုကြောင့် တစိုးတစိမျှ မရှိတော့ချေ။

အမ်အင်အေ၊ ရိုက်တာ

ကာဘာလာ၌ ကန်တပ်ဖွဲ့များနှင့် ပြောက်ကျားတို့တိုက်ပွဲဖြစ်ပွား

နာဂျက်ဖ် မေ ၁၇

ကာဘာလာမြို့၌ အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါ၏ သစ္စာခံပြောက်ကျားတို့ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ကြသည်။လွန်ခဲ့သောတစ်ရက်အကြာ၌ ဖြစ်ပွားခဲ့သည့်တိုက်ပွဲတွင် အီရတ်တစ်ဦး သေဆုံးသွားခဲ့ပြီး အခြားကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခေါင်းဆောင်မူတာဒါ အယ်လ်ဆာဒါ၏ သစ္စာခံပြောက်ကျားတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ပြီးခဲ့သည့် စနေနေ့ညက နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံး

ဤအတောအတွင်း ဘာဆာရာမြို့ရှိ ဗြိတိသျှစစ်ဘက်ဆိုင်ရာများ တည်းခိုနေထိုင်သော ဘာဆာရာဟိုတယ်ကို အီရတ်လက်နက်ကိုင်များက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပစ်မှတ်ကိုလွဲချော်ခဲ့ပြီး အနီးအနားရှိ နေအိမ်တစ်လုံးကို ထိမှန်ခဲ့သဖြင့် အီရတ်သုံးဦး သေဆုံးသွားခဲ့သည်။

(စီအင်န်အင်န်)

ကာဘာလာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်ရန် နေရာယူနေသော အီရတ်ပြောက်ကျားတို့ကို မေ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ ကန်နှင့်အပေါင်းပါတို့၏ ဌာနချုပ်ရုံးအနီး ကားဗုံးပေါက်ကွဲ၍ အီရတ်အုပ်ချုပ်မှုကောင်စီဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ၏ ဌာနချုပ်ရုံး အဆောက်အအုံအပြင်ဘက်ရှိ စစ်ဆေးရေးဂိတ်တစ်ခုအနီး၌ အသေခံမော်တော်ကားဗုံးပေါက်ကွဲခဲ့ရာ အီရတ်အုပ်ချုပ်မှု ကောင်စီအဖွဲ့ဝင်တစ်ဦးအပါအဝင် လူများစွာ သေဆုံးသွားခဲ့ကြောင်း သိရသည်။ အဆိုပါပေါက်ကွဲမှုနှင့် ပတ်သက်ပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်းမရှိခဲ့ဟု သိရသည်။

သေဆုံး

သေဆုံးသွားသူ အီရတ်အုပ်ချုပ်မှုကောင်စီဝင်သည် စာရေးဆရာ၊ အယ်ဒီတာတစ်ဦးလည်းဖြစ်သည့်အပြင် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ လောလောဆည် အီရတ်အုပ်ချုပ်ရေးကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌလည်းဖြစ်သည်။ လွန်ခဲ့သည့်နှစ် စက်တင်ဘာ ၂၀ ရက်၌ လက်နက်ကိုင်တစ်ဦး၏ ချုံခိုတိုက်ခိုက်မှုကြောင့် အီရတ်အုပ်ချုပ်ရေးကောင်စီဝင်တစ်ဦး သေဆုံးခဲ့ရာ ယခုတိုက်ခိုက်ခံရမှုတွင် သေဆုံးသွားသူမှာ ဒုတိယမြောက် ကောင်စီဝင်ဖြစ်ကြောင်း သိရသည်။

သေဆုံးသွားသူ အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အမေရိကန်နှင့် အပေါင်းပါတို့၏ ဌာနချုပ်ရုံးသို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေစဉ် ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ၎င်းတိုက်ခိုက်ခံရမှုတွင် သေဆုံးထိခိုက်ဒဏ်ရာရရှိသူ အတိအကျစာရင်းကို မသိရှိရသေးကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၇၈၃ ဦးရှိပြီ

ဝါရှင်တန် မေ ၁၈

အီရတ်ကို လွန်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လမှစတင်ကာ အမေရိကန်နှင့် အပေါင်းပါတပ်များက စစ်ပွဲဆင်နွှဲခဲ့သည်မှ ၂၀၀၄ ခုနှစ် မေ ၁၇ ရက် တနင်္လာနေ့ရောက်ချိန်တွင် အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၇၈၃ ဦး ရှိသွားပြီဖြစ်သည်။

ယင်းအနက် ၅၇၁ ဦးမှာ တိုက်ပွဲဖြစ်ပွားမှုကြောင့် သေဆုံးခြင်းဖြစ်ပြီး ၂၁၂ ဦးမှာ အခြားအကြောင်းကြောင့် သေဆုံးခြင်းဖြစ်သည်။

၂၀၀၃ ခုနှစ် မေ ၁ ရက်၌ တိုက်ပွဲကြီးပြီးဆုံးခဲ့ချိန်မှစပြီး အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၆၄၈ ဦးသေဆုံးခဲ့ရာ ၄၆၂ ဦးမှာ တိုက်ပွဲကြောင့် သေဆုံးပြီး ၁၈၃ ဦးမှာ အခြားအကြောင်းကြောင့် သေဆုံးခဲ့သည်။

ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားခြောက်ဦး၊ ယူကရိန်းလေးဦး၊ ပိုလန်သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်တစ်ဦးစီ အီရတ်၌ သေဆုံးခဲ့သည်။ **(အင်တာနက်)**

အစိမ်းရောင်နယ်မြေ၌ ဒုံးကျည်ကျရောက်ပေါက်ကွဲ

မိုဆူးလ် မေ ၁၆

ဘဂ္ဂဒက်မြို့၌ ကုန်လှောင်ရုံတစ်ခုအား စိန်ပြောင်းထိမှန်ခဲ့ပြီး အမေရိကန်စစ်ဌာနချုပ်ရှိရာ အစိမ်းရောင်နယ်မြေအတွင်း၌လည်း ဒုံးကျည်ကျရောက်ပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရ

အီရတ်နိုင်ငံရှိ မြို့တချို့၌ တိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ မိုဆူးလ်မြို့ရှိ အီရတ်တပ်ဖွဲ့ဝင်များ စုဆောင်ရေးစခန်း ပစ်ခတ်ခံရပြီးနောက် အရပ်သားလေးဦး သေဆုံးကာ ၁၅ ဦးဒဏ်ရာရရှိခဲ့သည်။

အီရတ်ခေါင်းဆောင် အယ်ဆာဒါအား သစ္စာခံသော ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် နာဂျက်ဖ်မြို့၌ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ ထို့အပြင် အာမာရာမြို့သို့ ထွက်ခွာလာသော ဗြိတိန်တပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခြင်းခံခဲ့ရကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်မြို့ရှိ အမေရိကန်နှင့်အပေါင်းပါတို့၏ဌာနချုပ်ရုံးအပြင်ဘက်၌ အသေခံကားဗုံးဖောက်ခွဲမှုဖြစ်ပွားရာ ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးအနီး စစ်ဆေးမှုများပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို မေ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

(၂၇)ကြိမ်မြောက် အက်ဖ်အေအိုဒေသတွင်းညီလာခံ ပေကျင်းမြို့၌ ကျင်းပမည်

ပေကျင်း မေ ၁၆

အာရှနှင့်ပစိဖိတ်ဆိုင်ရာ (၂၇)ကြိမ်မြောက် အစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) ဒေသတွင်းညီလာခံကို တရုတ်ပြည်မြို့တော် ပေကျင်းတွင် မေ ၁၇ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါညီလာခံသို့ အာရှနှင့်ပစိဖိတ်ဒေသရှိ ၄၃ နိုင်ငံမှ ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်မည်ဖြစ်သည်။

ညီလာခံတွင် ကိုယ်စားလှယ်များသည် စိုက်ပျိုးရေး ဆက်လက်မြင့်တင်ရန် အဆောက်အအုံဖွဲ့စည်းမှုများ၊ စိုက်ပျိုးမှုထိန်းသိမ်းရာတွင် ဆန်စပါး၏ အခန်းကဏ္ဍ၊ အာရှနှင့်ပစိဖိတ်မှကျေးလက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစားအစာလုံခြုံစိတ်ချစေရေးအတွက် ဒေသခွဲမဟာဗျူဟာချမှတ်ရေးများအပါအဝင် ဒေသစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသည့် အစီအမံများကို ဆွေးနွေးကြမည်ဖြစ်သည်။ တရုတ်ပြည်သည် အက်ဖ်အေအိုနှင့် ကြာမြင့်စွာကပင် ကောင်းမွန်သော ဆက်ဆံရေးရှိခဲ့သည်။ ယခုအထိလည်း အက်ဖ်အေအိုသည် တရုတ်ပြည်အား အမေရိကန်ဒေါ်လာ သန်း ၅၀ကျော်နှင့်ညီမျှသော အခမဲ့နည်းပညာ အကူအညီကိုပေးခဲ့ပြီးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

✻ ကလေးသူငယ်မှ

တွေ့ဆုံ မှာကြားသည့် အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အစည်းအဝေးသို့ တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ (၃၆)ကြိမ်မြောက် အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ၁၇-၅-၂၀၀၄ ရက်မှ ၄-၆-၂၀၀၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း။

အဆိုပါအစည်းအဝေးတွင်မြန်မာနိုင်ငံမှတင်သွင်းခဲ့သော ဒုတိယအကြိမ်မြောက် အမျိုးသားအစီရင်ခံစာပါ အချက်အလက်များကို ဆွေးနွေးမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မေမေရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း။

တက်ရောက်ဆွေးနွေး

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်အဖြစ် ၁၅-၈-၁၉၉၁ ရက်မှ စတင် ပါဝင်ခဲ့ကြောင်း၊ ကွန်ဗင်းရှင်းအား လိုက်နာကျင့်သုံးမှုဆိုင်ရာ စာချုပ်ဝင်နိုင်ငံများ၏ အစီရင်ခံစာကို တင်သွင်းရသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မာနိုင်ငံ၏ ပထမအကြိမ် အစီရင်ခံစာကို ၁၉၉၅ ခုနှစ်တွင် တင်သွင်းခဲ့ကြောင်း၊ ၁၉၉၇ခုနှစ်တွင်ကျင်းပသော ကော်မတီ၏ (၁၄)ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ပထမအကြိမ် အစီရင်ခံစာနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက် ဆွေးနွေးခဲ့ကြောင်း။

ယခုမြန်မာနိုင်ငံ၏ဒုတိယအကြိမ်မြောက် အမျိုးသား အစီရင်ခံစာကို ၅-၆-၂၀၀၂ ရက်က ပေးပို့ခဲ့ပြီးဖြစ်ရာ ယင်းအစီရင်ခံစာကို ကော်မတီ၏ (၃၆)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်သောကြောင့် ယခုကဲ့သို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ်တွင် ကလေးသူငယ်ဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ် စက်တင်ဘာလတွင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီကိုဖွဲ့စည်းခဲ့ပြီး ပြည်နယ်၊ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့်များအထိ ကော်မတီ အဆင့်ဆင့်ကို စနစ်တကျ ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် ကလေးသူငယ် အခွင့်အရေးများနှင့် ပတ်သက်၍ စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်စိစစ်ရေး ဆပ်ကော်မတီကိုလည်း ၁၉၉၉ ခုနှစ် မေလတွင် ဖွဲ့စည်းပေးခဲ့ပြီး ၂၀၀၁ ခုနှစ် ဒီဇင်ဘာလတွင် ကလေးသူငယ် နည်းဥပဒေ(Child Rules)ကို ပြဋ္ဌာန်းပေးခဲ့ကြောင်း။

အလေးထားဆောင်ရွက်

ယင်းအချက်အလက်များကိုကြည့်လျှင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့်လုပ်ငန်းအဝဝကို အစဉ်တစိုက်အလေးထားဆောင်ရွက်ခဲ့သည်ကို ထင်ရှားစွာ တွေ့ရမှာဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများစွာကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တက်ကြွစွာပါဝင်ဆောင်ရွက်

ကလေးသူငယ်များနှင့်ပတ်သက်၍ ပင်မတာဝန်ယူဆောင်ရွက်ရသည့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကသာမက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကဲ့သို့သော လူမှုရေး အဖွဲ့စည်းများ အပါအဝင် စေတနာရှင် ပြည်သူများကပါ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိနေကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများအရ လူအချင်းချင်း မတရားပြုမှု၊ နှိပ်စက် ညှင်းပန်းမှုတို့ကို လက်မခံသည့်အပြင် ကလေးသူငယ်များအပေါ် ညှာတာကြင်နာတတ်သည့် အလေ့အထရှိနေကြောင်း။

ကောင်းမြတ်သောအစဉ်အလာ

မြန်မာမိသားစုတွင် ကလေးသူငယ်များကို ရင်အုပ်မကွာ အလေးထားကြင်နာစွာ ပြုစုစောင့်ရှောက်လေ့ရှိသည့်အပြင် အသက်အရွယ်ရောက်လျှင် အိမ်ထောင်ပြုသွားသည့် သားသမီးများကိုပင် မိဘအုပ်ထိန်းမှုအောက်တွင် ဆက်လက် စောင့်ရှောက်ထားတတ်သည့် ကောင်းမြတ်သော အစဉ်အလာများရှိကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်အတွင်း ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝဖြစ်ထွန်းပြီး နိုင်ငံတော်အစိုးရဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများကပါ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေမှုကို နိုင်ငံတကာက သိရှိအောင် ပြည့်ပြည့်ဝဝ ဆွေးနွေးခဲ့ကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က မြန်မာနိုင်ငံ၌ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ၊ ဥပဒေရေးရာကိစ္စများ အပါအဝင် မြန်မာနိုင်ငံ၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ပတ်သက်၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဂျီနီဗာမြို့တွင် ကျင်းပမည့် ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ အစည်းအဝေးသို့ တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်မေမေရီနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက အစည်းအဝေးတွင် ဆောင်ရွက်လုပ်ကိုင်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် သက်သာချောင်ချိသောဈေးနှုန်းဖြင့် အရောင်းဆိုင်များဖွင့်လှစ်ရောင်းချ

ရန်ကုန် မေ ၁၈

အမျိုးသားညီလာခံကျင်းပလျက်ရှိသော ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းတွင် ညီလာခံကိုယ်စားလှယ်များ အလွယ်တကူ ဝယ်ယူနိုင်ရန်အတွက် သက်သာချောင်ချိသောဈေးနှုန်းဖြင့် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူညီလာခံကိုယ်စားလှယ်များဖြင့် နေ့စဉ် စည်ကားများပြားလျက် ရှိသည်။

၎င်းအပြင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမ(GEC)အရောင်းဆိုင်များတွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်များ၊ သင်ဖြူးဖျာ၊ နီးချောဦးထုပ်၊ ညီလာခံအထိမ်းအမှတ် ခရီးဆောင်အိတ်များ၊ လက်ဆွဲသားရေအိတ်နှင့် လက်ကိုင် သားရေအိတ် လုပ်ငန်း၊ မြန်မာ့စားသောက်ကုန် လုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့အထည်အလိပ်လုပ်ငန်းတို့က ထုတ်လုပ်ထားသည့် မောင်မြန်မာစက်ဘီးနှင့် အပ်ချုပ်စက်၊

အမျိုးသားညီလာခံကျင်းပလျက်ရှိသော ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းတွင် ညီလာခံကိုယ်စားလှယ်များ အလွယ်တကူ ဝယ်ယူ နိုင်ရန် သက်သာချောင်ချိသောဈေးနှုန်းဖြင့် အရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူ ညီလာခံကိုယ်စားလှယ်များဖြင့် နေ့စဉ် စည်ကားများပြားလျက်ရှိသည်ကို

အမျိုးသားညီလာခံကျင်းပလျက်ရှိသော ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းတွင် ညီလာခံကိုယ်စားလှယ်များ အလွယ်တကူ ဝယ်ယူ နိုင်ရန် သက်သာချောင်ချိသောဈေးနှုန်းဖြင့် အရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချပေးလျက်ရှိရာ ဆက်သွယ်ရေးစခန်းတွင်လည်း ကိုယ်စားလှယ် များ အလွယ်တကူ ဆက်သွယ်နိုင်မှုကို တွေ့ (သတင်းစဉ်)

များ၊ စာရေးကိရိယာများ၊ စာအုပ်နှင့် စာနယ်ဇင်းများ၊ တိုင်းရင်းသားရိုးရာဝတ်စုံနှင့် ချည်ထည် အမျိုးမျိုးကို ရောင်းချပေးလျက်ရှိပြီး စိန်စကြာ ထုတ်လုပ်မှု သမဝါယမအသင်းလီမိတက်ကလည်း ညီလာခံအထိမ်းအမှတ်အဖြစ် ထုတ်လုပ်သည့် လွယ်အိတ်၊ စွပ်ကျယ်နှင့် တီရှပ်များ ရောင်းချပေးလျက်ရှိသည်။

ဝင်းသူဇာအရောင်းဆိုင်

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်တွင် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး ရောင်စုံထီး အမျိုးမျိုး၊ ရေသန့်ဘူးများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် အထည်အလိပ်များ၊ အလှကုန်ပစ္စည်းများ၊ ယမကာများ၊ ဂရင်းကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်းလီမိတက်အရောင်းဆိုင်က အစွမ်းထက်တိုင်းရင်းဆေးများ၊ နိုင်ငံခြားဆေးဝါးမျိုးစုံတို့ကို ရောင်းချပေးလျက်ရှိသကဲ့သို့ ရွှေပန်းဘဲတန်းအသင်းစု သမဝါယမအသင်းကလည်း ညီလာခံ ကိုယ်စားလှယ်များအတွက် ဒီဂျစ်တယ် ကင်မရာသုံးစွဲကာ မှတ်တမ်းဓာတ်ပုံနှင့် အလှပုံများကို ရိုက်ကူးပေးလျက်ရှိသည်။

ထို့ပြင် မွန်မွန်ဗျူတီဆလွန်းဆိုင်၊ မျက်မှန်ကျွမ်းကျင်(အငြိမ်းစား)ဝန်ထမ်းများ ဦးစီးသော မြန်မာ့မျက်မှန်ဆိုင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အရောင်းဆိုင်မှ သားငါးအကြော်များနှင့်အသင့်စားသုံးနိုင်သည့် စားသောက်ကုန်များ၊ ပျားရည်နှင့် ပျားထွက်ပစ္စည်း၊ အသင့်သောက်သုံးနိုင်သည့် နွားနို့ဘူးများကို ရောင်းချပေးလျက်ရှိသည်။

ရောင်းချပေး

ထို့အတူ ကောင်းစံအိမ် လောင်ဒရီ ဆိုင်က အဝတ်လျှော်၊ မီးပူတိုက် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိသည်။ ဝင်းသူဇာအရောင်းဆိုင်က စပီရူလိုင်းနားဘီယာနှင့် T.M Store မှ ရုပ်အင်္ကျီမျိုးစုံနှင့် လုံချည်များကို သက်သာဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ဝန်ဆောင်မှုပေး

ထိုအရောင်းဆိုင်များတွင် ဝယ်ယူအားပေးသူ ညီလာခံကိုယ်စားလှယ်များဖြင့် အထူးစည်ကား များပြားသကဲ့သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၏ ဆံသဆိုင်တွင်လည်း ဆံပင်ညှပ်သူ၊ ခေါင်းလျှော်ကြသူများဖြင့် စည်ကားနေပြီး တစ်ဦးလျှင် ဆံပင်ညှပ်/ခေါင်းလျှော်ခြင်းအတွက် ၇၅ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဆေးတစ်ခါဆိုးလျှင် ငွေကျပ် ၂၀၀နှုန်းဖြင့်လည်းကောင်း ဝန်ဆောင်မှု ပေးလျက်ရှိသည်။

ဆက်သွယ်ရေး

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကလည်း ဆက်သွယ်ရေးစခန်း ဖွင့်လှစ်ကာ ရိုးရိုးကြေးနန်း၊ ကွန်ပျူတာကြေးနန်း၊ ရိုးရိုးစာ၊ အမြန်ငွေပို့လွှာ၊ ငွေပို့လွှာ(ပေး/ပို့)၊ မှတ်ပုံတင်(စာ/ထုပ်)၊ တံဆိပ်ခေါင်းရောင်း၊ တယ်လီဖုန်း(နယ်/ရန်ကုန်)စသည့် ဝန်ဆောင်မှုများပေးလျက်ရှိရာ အမျိုးသားညီလာခံကိုယ်စားလှယ်များမှာ စိတ်တိုင်းကျ ဆောင်ရွက်နိုင်ခွင့်ရကြသဖြင့် အဆင်ပြေ ချောမွေ့လျက်ရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများအား ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၁၈

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် စိတ်အပန်းဖြေနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အားကစားရုံအတွင်း၌ နေ့စဉ် ည၇နာရီမှ စတင်၍ မြန်မာရုပ်ရှင်ဇာတ်ကားများဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ ညီလာခံကိုယ်စားလှယ်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဖျော်ဖြေရေး အစီအစဉ်အဖြစ် ယနေ့ညတွင် ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူး၍ သရုပ်ဆောင် ရန်အောင်၊ ကျော်သူ၊ လွင်မိုး၊ မို့မို့မြင့်အောင်၊ ခိုင်သင်းကြည်နှင့် မေသဥ္ဇာဦးတို့ ပါဝင်ပြီး ၂၀၀၂ခုနှစ် အကယ်ဒမီဆုရဇာတ်ကားဖြစ်သည့် "ယောက္ခမ ဆိုတာ တစ်ခါတုန်းကသမက်ပါပဲ"ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

အဘိဓမ္မာသင်တန်းများ ဖွင့်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

တတိယအကြိမ် ကျင်းပမည့် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ အဘိဓမ္မာသင်တန်းများ ဖွင့်ပွဲကို မေ၂၂ရက် ညနေ ၄နာရီတွင် ကျောင်းတော်ကြီး၏ အဓိပတိခန်းမဆောင်ကြီး၌ အခမ်းအနားဖြင့် စတင်ဖွင့်လှစ်မည်။ သင်တန်း တက်ရောက်ရန် ပုံစံဖြည့်စာရင်း ပေးသွင်းထားကြသော ဓမ္မယောဂီများ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာအခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌတရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမီ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် ငြိမ်းချမ်းရေး ရယူထားသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယား ပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(KNDP) နဂါးအဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက် (ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ပေါင်သရောအထူးဒေသအဖွဲ့၊ ဘုရားကုန်းအထူးဒေသအဖွဲ့၊ ရှမ်းပြည် အမျိုးသားတပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ဟိုမိန်းဒေသသက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့၊ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်)၊ နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ) အဖွဲ့တို့မှညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်

အမျိုးသားညီလာခံစုံညီ အစည်းအဝေး မစတင်မီ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စုံညီအစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးကြသည်။

အထမြောက်

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသား ညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၅ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၈၁ ရှိသောကြောင့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြရာတွင် ရှေးဦးစွာ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်တို့က **“ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ”**ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့်က **“နိုင်ငံခြားရေးကဏ္ဍ”**ကို ရှင်းလင်းတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က **“ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ”**ကို ရှင်းလင်းတင်ပြကြပြီး ၁၈-၅-၂၀၀၆ ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို ရပ်နားလိုက်သည်။

(**အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ၏ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များကို သီးခြားဖော်ပြထားပါသည်။**)

အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို ၁၉-၅-၂၀၀၆ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ချေမှုန်းခဲ့ရသည်။ ထို အမေရိကန် ပြည်တွင်းစစ်ကြောင့် နှစ်ဖက်ခြောက်သိန်းကျော် သေဆုံးခဲ့ရပြီး ဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း ပြည်ထောင်စုမပြိုကွဲရေးအတွက် နိုင်ငံရေးနည်းဖြင့် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း မအောင်မြင်၍ မလွှဲမရှောင်သာ တိုက်ခိုက်ခဲ့ရသဖြင့် နှစ်ဖက်တစ်သိန်းကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။ သို့နှင့် ၁၉၆၂ ခုနှစ်တွင် ပြည်ထောင်စု မပြိုကွဲရေးအတွက် တပ်မတော်က အာဏာသိမ်းခဲ့ရာမှ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည်လည်း နိဗ္ဗုတ်ခဲ့ရပြန်သည်။

တပ်မတော်သည် နိုင်ငံတော်၏ အာဏာပိုင်ရှင် အစစ်အမှန်ဖြစ်သော ပြည်သူများထံ စနစ်တကျ ပြန်လည်အပ်နှင်းရေး(ဝါ) ဒီမိုကရေစီကျင့်သုံးရေးကို ရှေးရှုပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် သုံးနှစ်မျှ အချိန်ယူပြီး စနစ်တကျကြိုးပမ်းခဲ့ပြန်သည်။ ထိုအခြေခံဥပဒေမူကြမ်းကို ပထမမူကြမ်း၊ ဒုတိယမူကြမ်းနှင့် တတိယမူကြမ်းအထိ ပြည်သူ့ဆန္ဒကို ခံယူရေးဆွဲကာ ပြည်သူများအား ရှင်းလင်းရေး အဖွဲ့ဝင်ပေါင်း ၆၃၃၅၆ က ရွာများအရောက် သွားရောက်ပြီး ပြည်သူများကို လေးလေးစားစားရှင်းပြခဲ့သည်။ ထို့နောက် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့၌ အခြေခံဥပဒေ ပြည်လုံးကျွတ် ပြည်သူ့ဆန္ဒခံယူပွဲ (Referendum)ကို ခြိမ့်ခြိမ့်သဲကျင်းပရာ ပြည်သူ ၁၄၇၆၀၀၃၆ ဦး ဆန္ဒမဲလာပေးကြသည်။ ယင်းအနက် ပြည်သူ ၁၃၃၁၂၀၀၁ ဦးက ထောက်ခံဆန္ဒမဲပေးကြသည်။ ထောက်ခံမဲ ၉၀ ဒသမ ၁၉ ရာခိုင်နှုန်း ရှိခဲ့သည်။ အမေရိကန်၌ အလားတူကိစ္စတွင် ထောက်ခံမဲ ၆၀ ရာခိုင်နှုန်းသာ ရခဲ့သည်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည်လည်း ၁၉၈၈ ခုနှစ် တိုင်းဆူပြည်ဖျက် အရေးအခင်းကြောင့် တပ်မတော်က နိုင်ငံတာဝန်ယူခဲ့ရစဉ် ပျက်ပြယ်သွားခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ၌ ဒီမိုကရေစီထွန်းကားရေး ဆဋ္ဌမအကြိမ် ကြိုးပမ်းမှုကြီး ဖြစ်ပေါ်လာပေပြီ။ ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်း ကြေညာခဲ့သည်။ အခြေအနေမှန်များကို ပြည့်စုံစွာ ရှင်းလင်းဖော်ပြခဲ့သည်။

ယခုပထမအဆင့်ဖြစ်သော ၁၉၉၆ ခုနှစ်က ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့သည့် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပနေပြီဖြစ်သည်။ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲနိုင်ရေးအတွက် မရှိမဖြစ် လိုအပ်နေသော အခြေခံမူနှင့် အသေးစိတ်အခြေခံမူများရရှိရေးကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့က စုံစုံညီညီဖြင့် ပွင့်ပွင့်လင်းလင်း အားရပါးရ ဆွေးနွေးဝေဖန် အကြံပြုကြပေတော့မည်။

အချုပ်အားဖြင့် ဖော်ပြလိုသည်မှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် အခြေခံဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကို အမျိုးသား ညီလာခံကြီးက ချမှတ်ပေးကြရမည်ဖြစ်သည်။ အမျိုးသားညီလာခံ အောင်မြင်မှ ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာမည်ဖြစ်သည်။ ထိုမှတစ်ပါး အခြားမရှိပါ။ အမျိုးသားညီလာခံကြီး အောင်မြင်ပါစေ။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၉-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အရေးပြိုင်ပွဲ
- ၈:၂၀ ၇။ စလင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV.

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၄၅ ၈။ **“နိုင်ငံသားကောင်းဟူသည်”** (ဌေးဝင်း၊ မြင့်ဝေ၊ သန်းဝင်း၊ ကျော်ရှိန်၊ တင်တင်အိ၊ တင်မို့မို့အေး) (ဒါရိုက်တာ-ဌေးဝင်း)
- ၁၈:၀၀ ၉။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
- ၁၈:၁၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၈:၂၀ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ အေးချမ်းဝေစည် ရှမ်းတို့ဌာနီ (တောင်ပိုင်း)
- ၁၉:၂၀ ၁၅။ ရှမ်းရိုးရာဝတ်စားဆင်ယင်မှု
- ၁၉:၃၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်ဆိုသည်မှာ”** (အပိုင်း-၃၇)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

အနာဂတ်နိုင်ငံတော်ကို အမှန်တကယ်အမြဲအခိုင်။ လောင်းရိပ်ရှင်းပြီး ကိုယ့်ပြည်သူများကသာ ကိုယ့်အရေးအရာအားလုံးကို ဆုံးဖြတ်နိုင်အောင်ကြိုးစားရမည်

■ **ရှေ့ဖုံးမှ**

စီးပွားရေးစနစ်ကို ကောင်းစွာပဲ့ကိုင် ထိန်းကျောင်းနိုင်စွမ်းရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာရှိဖို့ အလွန်အရေးကြီးပါတယ်။ အတိတ်ဖြစ်ရပ်တွေကို သင်ခန်းစာယူ၊ ပစ္စုပ္ပန်ကာလမှာ မြင်တွေ့ကြားသိနေတဲ့ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ နယ်ချဲ့အလိုတော်ရိ ဖောက်ပြန်ရေးဝါဒီတွေရဲ့ အန္တရာယ်တွေကို သတိမူပြီး အနာဂတ်နိုင်ငံတော်ကို အမှန်တကယ် အမြဲအခိုင်၊ လောင်းရိပ်ရှင်းပြီး ကိုယ့်ပြည်သူများကသာ ကိုယ့်အရေးအရာအားလုံးကို ဆုံးဖြတ်နိုင်တဲ့ အခြေအနေမျိုးရှိအောင် ကြိုးစားကြရတော့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ယနေ့အထိ အမျိုးသားညီလာခံက ရရှိနေတဲ့ အသီးအပွင့်ဖြစ်တဲ့ အခြေခံမူ (၁၀၄)ချက်ကို မျက်ခြည်ပြတ်မခံဘဲ လိုအပ်တဲ့ အသေးစိတ်အခြေခံရမယ့် မူတွေရအောင် ကျွန်တော်တို့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများအားလုံးက ဆက်လက်ပြီး ဖွဲ၊ သတ္တိရှိရှိ ကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။

ယနေ့ဆိုရင် အခန်းအလိုက်ခေါင်းစဉ် ၁၅ခုအနက် စတုတ္ထ၊ ပဉ္စမနဲ့ ဆဋ္ဌမခေါင်းစဉ်တွေဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး အခန်းအလိုက် ခေါင်းစဉ်များရဲ့ ဖွဲ့စည်းမှုဆိုင်ရာ အသေးစိတ်အခြေခံရမယ့်မူတွေကို လက်ဝယ်ပိုင်ပိုင် ရရှိလာပြီဖြစ်ပါတယ်။ အဲဒီခေါင်းစဉ် သုံးရပ်နဲ့ ပတ်သက်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များအဆင့် အသီးသီးအတွက် အာဏာခွဲဝေမှုများအပိုင်းကို ဆက်လက်ဆွေးနွေး အကြံပြုကြရဦးမှာဖြစ်ပါတယ်။ ဒီအပိုင်းဟာလည်း အရေးကြီးတဲ့အပိုင်း ဖြစ်ပြန်ပါတယ်။ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးများ၊ ပြည်နယ်များ ဘယ်လိုလုပ်ပိုင်ခွင့်တွေ ခွဲဝေကျင့်သုံးကြမလဲ၊ ဥပဒေပြုရာမှာ၊ အုပ်ချုပ်ရာမှာ၊ တရားစီရင်ရာမှာ ချောချောမွေ့မွေ့ ပြေပြေလည်လည် ဟန်ချက်ညီညီ ဆောင်ရွက်သွားနိုင်အောင် သဘာဝကျကျ စဉ်းစားလျာထား သတ်မှတ်ကြရမှာ ဖြစ်ပါတယ်။ ဒီအပိုင်းဟာလည်း အရေးကြီးတာကြောင့် အာဏာသုံးရပ်ကို ကျင့်သုံးရာမှာ ဟာကွက်၊ ပျော့ကွက် မဖြစ်အောင်၊ ရှုပ်ထွေးခြင်းလည်း မဖြစ်အောင် ရှုထောင့်စုံက ဝေဖန်စဉ်းစားပြီး အသင့်တော်ဆုံးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေ ရဖို့လိုပါတယ်။ ကျွန်တော်တို့ အမျိုးသားညီလာခံကြီးရဲ့ အဓိကတာဝန်က အခြေခံမူချမှတ်တာဖြစ်တာကြောင့် နိုင်ငံတော်အတွက် ကောင်းမွန်ခိုင်ခံ့တဲ့ အခြေခံမူကောင်းတွေရအောင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်သည်လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသည်လည်းကောင်း ဆက်လက်ပြီး ရှုထောင့်စုံက လေ့လာသုတေသနပြုခြင်းများကို ပြုလုပ်ဖို့ရှိပါတယ်။ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများကလည်း ညီလာခံရပ်နားထားချိန်မှာ လေ့လာဆည်းပူးကြဖို့ တိုက်တွန်းပါတယ်"လို့ မိန့်ကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌရဲ့ မိန့်ကြားချက်နှင့်အညီ အမျိုးသားညီလာခံရပ်နားထားချိန်မှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နဲ့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီတို့ဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမယ့် မူတွေရရှိရေးနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံမှာ ရှင်းလင်းတင်ပြနိုင်ဖို့ ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့ကြပါတယ်။

သဘာပတိကြီးခင်ဗျား–

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို လျာထားခွဲခြားဆန်းစစ်တဲ့အခါ ဥပဒေပြုရေးအပိုင်းအတွက် ပြည်ထောင်စုအဆင့်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ အဲဒီလွှတ်တော်နှစ်ရပ်ပါဝင်တဲ့ ပြည်ထောင်စု လွှတ်တော်အတွက် ဥပဒေပြုခွင့်အာဏာများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် ဥပဒေပြုခွင့်အာဏာများနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုခွင့်အာဏာများ ခွဲဝေအပ်နှင်းရေးကိစ္စရပ်တွေ ရှိလာပါတယ်။

အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းကို စိစစ်လေ့လာတဲ့အခါ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးများမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီမူတွေမှာ "နိုင်ငံတော် အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။ နိုင်ငံတော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကို နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်တို့ဖြင့်ဖွဲ့စည်းသည်"လို့ အသေးစိတ်အခြေခံရမယ့်မူချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် "နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းသည်"လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ထားတာနဲ့အညီ နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့ရဲ့ အုပ်ချုပ်ရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအတွက် အုပ်ချုပ်ရေးအာဏာသတ်မှတ်ခြင်းစတဲ့ ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ပေးဖို့လိုအပ်ကြောင်းတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကချမှတ်ထားတဲ့ တရားစီရင်ရေးနဲ့စပ်လျဉ်းတဲ့ အခြေခံမူတွေကို တင်ပြရမယ်ဆိုရင်–

(၁) နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စု တရားလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတရားရုံးများ အပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်။

(၂) ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်တစ်ရပ်ထားရှိရသည်။ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်။

(၃) ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များထုတ်ပိုင်ခွင့်အာဏာများရှိသည်။

(၄) တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီးတရားလွှတ်တော်တစ်ရပ်စီ လည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရားလွှတ်တော်တစ်ရပ်စီလည်းကောင်း ထားရှိသည်။

(၅) အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ် သတ်မှတ်သည်–
- ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊
- ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး

တို့ဖြစ်ပါတယ်။

အဲဒီအခြေခံမူတွေကို အခြေခံပြီး အခုကျွန်တော်တင်ပြမယ့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူတွေဟာဆိုရင် တစ်ခုနဲ့တစ်ခု အမြဲသဟဲပြုဆက်စပ်နေတာကို တွေ့ရပါတယ်။ အဲဒီအပိုင်းတွေအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူအားလုံးဟာ သိမ်မွေ့နက်နဲပြီး ပြည်ထောင်စုသားအားလုံးရဲ့ ရေရှည်အကျိုးစီးပွားကို ဦးတည်စဉ်းစားဖို့ လိုအပ်တဲ့အတွက် ညီလာခံကိုယ်စားလှယ်ကြီးများ ဆွေးနွေးအကြံပြုရာမှာ ကဏ္ဍအလိုက် စိတ်တိုင်းကျ ဆွေးနွေးအကြံပြုနိုင်အောင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အချုပ်အခြာအာဏာ ခွဲဝေအပ်နှင်းခြင်းနဲ့ စပ်လျဉ်းလို့ အမျိုးသားညီလာခံကိုယ်စားလှယ်များ သိရှိကြတဲ့အတိုင်း "နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာများရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲဖို့နဲ့ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းဖို့ဆိုတဲ့ အခြေခံရမယ့်မူနဲ့ အဲဒီလိုပိုင်းခြားထားတဲ့ နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းဖို့" ဆိုတဲ့ အခြေခံရမယ့်မူတွေကို အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်ပါတယ်။ အဲဒီလိုချမှတ်ထားတဲ့ အခြေခံရမယ့်မူတွေနဲ့အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းတွေနဲ့ သက်ဆိုင်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ထားပြီးဖြစ်လို့ အမျိုးသားညီလာခံအနေနဲ့ အခုဆက်လက်ဆောင်ရွက်ရမယ့် ကိစ္စကတော့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေး အာဏာတို့ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းရေး (Division of Power)နဲ့ အဲဒီနိုင်ငံတော်အာဏာသုံးရပ်ကို ခွဲဝေအပ်နှင်းတဲ့အခါမှာ တတ်နိုင်သရွေ့ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရေး(Check and Balance)အတွက် လိုအပ်မယ့်အသေးစိတ်အခြေခံရမယ့်မူများကို ဆွေးနွေးချမှတ်သွားကြဖို့ ဖြစ်ပါတယ်။

ပြည်ထောင်စု၊ တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို ခွဲဝေအပ်နှင်းဖို့ အသေးစိတ်အခြေခံရမယ့်မူများချမှတ်နိုင်ရေးအတွက်–

(၁) ဥပဒေပြုရေးအာဏာ ခွဲဝေအပ်နှင်းရေး၊

(၂) အုပ်ချုပ်ရေးအာဏာ ခွဲဝေအပ်နှင်းရေးနဲ့

(၃) တရားစီရင်ရေးအာဏာ ခွဲဝေအပ်နှင်းရေး

တို့နဲ့စပ်လျဉ်းပြီး အပိုင်းသုံးပိုင်း ခွဲခြားတင်ပြသွားမှာဖြစ်ပါတယ်။

အဲဒီလို အပိုင်းသုံးပိုင်းကို ခွဲခြားတင်ပြရာမှာ ပထမဦးစွာ ရှင်းလင်းတင်ပြမယ့် နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာ ခွဲဝေအပ်နှင်းရေးအပိုင်းမှာ မည်သည့် ဥပဒေပြုအဖွဲ့အစည်းတွေကို မည်သည့်ကိစ္စရပ်တွေနဲ့စပ်လျဉ်းတဲ့ ဥပဒေပြုအာဏာတွေ ခွဲဝေအပ်နှင်းသင့်တယ်ဆိုတာကို ခွဲခြားပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရေးဆွဲရမယ့် အခြေခံရမည့်မူများနဲ့ အသေးစိတ်အခြေခံရမည့်မူအချို့ကို ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

အဲဒီလိုချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများပါရှိတဲ့ "အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ၃၀-၃-၉၆ ရက်နေ့အထိ ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ" စာအုပ်ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံက ချမှတ်ထားတဲ့ မူများထဲမှာ နိုင်ငံတော်ဖွဲ့စည်းပုံနှင့်ပတ်သက်ပြီး နိုင်ငံတော်ကို တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ်ခုနစ်ခုနဲ့ ပြည်ထောင်စုနယ်မြေများပါဝင်တဲ့ ပြည်ထောင်စုနိုင်ငံအဖြစ် ဖွဲ့စည်းမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ***စာမျက်နှာ ၈ ကော်လံ ၁***

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံကိုယ်စားလှယ်များ စုံညီအစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

19-5 (07).p65 1 03/25/1905, 3:08 PM

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

အဲဒီလိုဖွဲ့စည်းတဲ့ ကျွန်တော်တို့နိုင်ငံတော်ဟာ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ နိုင်ငံတော်ဖြစ်ပြီး အောက်ပါဦးတည်ချက်များကို နိုင်ငံတော်ရဲ့ ဦးတည်ချက်အဖြစ် ချမှတ်ထားပြီးဖြစ်ပါတယ်–

၁။ ပြည်ထောင်စု မပြိုကွဲရေး၊
၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
၃။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
၄။ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊
၅။ နိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊
၆။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး

တို့ဖြစ်ပါတယ်။

အဲဒီဦးတည်ချက်များနဲ့အညီ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ကျင့်သုံးရာမှာ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းပြုရန် အခြေခံမူချမှတ်ထားပါတယ်။

အဲဒီလိုချမှတ်ထားတဲ့ အခြေခံရမယ့်မူနဲ့အညီ ဥပဒေပြုရေးကိစ္စများ ဆောင်ရွက်ဖို့ ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းထားမှာဖြစ်ပါတယ်။

အဲဒီလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်လို့ ခေါ်တွင်ပြီး နိုင်ငံတော်ရဲ့အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာလည်း ဥပဒေပြုလွှတ်တော်တစ်ရပ်စီကို သတ်မှတ်ချက်များနဲ့အညီ ဖွဲ့စည်းထားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးအတွက်ဖွဲ့စည်းမှုအပိုင်း၊ အာဏာခွဲဝေမှုအပိုင်းနဲ့လုပ်ငန်းဆက်သွယ်မှုအပိုင်းဟူ၍ သုံးပိုင်းခွဲထားပါတယ်။ ဖွဲ့စည်းမှုအပိုင်းကိုတော့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ပြီးဖြစ်တာကို ညီလာခံကိုယ်စားလှယ်ကြီးများ သိရှိကြပြီးဖြစ်ပါတယ်။ အခုရှင်းလင်းတင်ပြဖို့ရှိတဲ့ ဥပဒေပြုအာဏာခွဲဝေမှုအပိုင်းနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုနိုင်တဲ့ ကိစ္စရပ်များကိုဖော်ပြထားတဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေက ဥပဒေပြုနိုင်တဲ့ ကိစ္စရပ်များကိုဖော်ပြထားတဲ့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းကိုလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများက ဥပဒေပြုနိုင်မယ့် အကြောင်းကိစ္စများကိုလည်းကောင်း ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

မိမိတို့ တစ်အူထုံ့ဆင်း သွေးရင်းသားရင်း တိုင်းရင်းသား ညီအစ်ကိုအပေါင်းတို့ဟာ မိမိတို့ရဲ့ဇာတိချက်ကြွေဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်မြောက်အောင် စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့တဲ့အတွက် ကျွန်တော်တို့နိုင်ငံတော်ဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့ကစပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံတော်ဖြစ်လာခဲ့ပါတယ်။ တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြပြီး ကြုံတွေ့ခဲ့ရတဲ့ ပြည်တွင်းပြည်ပ အန္တရာယ်အမျိုးမျိုးကိုလည်း စည်းလုံးညီညွတ်စွာ လက်တွဲညီညီ တွန်းလှန်ဖြိုဖျက် အောင်ပွဲဆင်ခဲ့ကြပါတယ်။

အဲဒီလို တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်အေးချမ်းစွာ သွေးစည်းနေထိုင်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် နိုင်ငံတော်ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး ဥပဒေပြုရာမှာ ပြည်ထောင်စုတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ကျင့်သုံးရမယ့်ဥပဒေတွေကို သက်ဆိုင်ရာလွှတ်တော်တွေက လိုအပ်သလို ပြဋ္ဌာန်းပေးနိုင်ရေးအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

အမျိုးသားညီလာခံကချမှတ်လိုက်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေအပေါ်မူတည်ပြီး ရေးဆွဲပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဟာဆိုရင် လက်ရှိပြည်သူများသာမက နောင်သားစဉ်မြေးဆက် လိုက်နာကျင့်သုံးသွားနိုင်မယ့် ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမျိုး ဖြစ်ဖို့လိုပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များက မိမိတို့အား အပ်နှင်းထားတဲ့ ဥပဒေပြုခွင့်အာဏာများအရ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ရာမှာ ချောမောထိရောက်အောင်မြင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ပြည်ထောင်စုအဆင့်လွှတ်တော်တွေက ဥပဒေပြုနိုင်တဲ့အကြောင်းကိစ္စများအတွက် ဥပဒေပြုစာရင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်လွှတ်တော်များက ဥပဒေပြုနိုင်တဲ့အကြောင်းကိစ္စများအတွက် ဥပဒေပြုစာရင်းများကိုစဉ်းစားပြုစုရာမှာ နိုင်ငံတော်ရဲ့ဒို့တာဝန်အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုဦးထိပ်ထားပြီးလည်းကောင်း၊ နိုင်ငံတော်ရဲ့ကာကွယ်ရေးနဲ့လုံခြုံရေး၊ စီးပွားရေး၊လူမှုရေး၊ တိုင်းရင်းသားများရဲ့ ယဉ်ကျေးမှုနဲ့ဓလေ့ထုံးတမ်းများ၊ နိုင်ငံတကာဆက်ဆံရေးစတဲ့ အခြေအနေများကိုလည်းကောင်း၊ ရှုထောင့်မျိုးစုံက သုံးသပ်ပြီး သင့်လျော်တဲ့ဥပဒေပြုစာရင်းတွေကိုစဉ်းစားပြုစုကြဖို့ လိုအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ရဲ့ ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းရေးနဲ့စပ်လျဉ်းလို့ အမျိုးသားညီလာခံက “နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်တို့အား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သည့် ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်”လို့ အခြေခံမူတစ်ရပ် ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

အဲဒီချမှတ်ထားတဲ့ အခြေခံမူနဲ့အညီ ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်း ရာမှာ ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်၊ ခွဲဝေပေးသင့် ခွဲဝေပေးထိုက်တဲ့အတိုင်း အသေးစိတ်အခြေခံရမယ့် မူများချမှတ်နိုင်ဖို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဟာ ဝန်ကြီးဌာနများနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များကိုလည်းကောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို လည်းကောင်း၊ ဖိတ်ကြားဆွေးနွေးပြီး လိုအပ်တဲ့အချက်အလက် အထောက် အထားတွေကို စုဆောင်းလေ့လာခဲ့ပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာနများအလိုက် တာဝန်ယူအကောင်အထည်ဖော်လျက်ရှိတဲ့ လုပ်ငန်းများနဲ့စပ်လျဉ်းပြီး ဗဟို အဆင့်မှာလည်းကောင်း၊ ပြည်နယ်၊ တိုင်းအဆင့်မှာလည်းကောင်း ကြုံတွေ့ရတဲ့ အားသာချက်၊ အားနည်းချက်တွေကိုလည်း အသေးစိတ်လေ့လာခဲ့ပါတယ်။

ဥပဒေပြုရေးအာဏာ ခွဲဝေအပ်နှင်းခြင်းနဲ့စပ်လျဉ်းပြီး ၁၉၄၇ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာပါရှိတဲ့ ပြည်ထောင်စု ဥပဒေပြုစာရင်းနဲ့ ပြည်နယ်ဥပဒေပြုစာရင်းများကိုလည်း လေ့လာခဲ့ပါတယ်။ ဒါ့အပြင် ဗြိတိသျှကိုလိုနီလက်အောက်က လွတ်မြောက်ခဲ့တဲ့ ဘဝတူနိုင်ငံအချို့နဲ့ အခြားနိုင်ငံအချို့တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ ပြဋ္ဌာန်းပါရှိတဲ့ ဥပဒေပြုရေးအာဏာ ခွဲဝေအပ်နှင်းထားတာတွေကိုလည်း ဂရုပြုလေ့လာခဲ့ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် လုပ်ငန်းအပိုင်းတို့နဲ့စပ်လျဉ်းတဲ့ ရှင်းလင်းချက်များကို ပြုစုရာမှာ ဒို့တာဝန်အရေးသုံးပါး ပါဝင်တဲ့ အမျိုးသားညီလာခံရဲ့ ဦးတည်ချက် (၆)ရပ်နဲ့တကွ နိုင်ငံတော်ရဲ့ နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်နဲ့ လူမှုရေးဦးတည်ချက် (၄)ရပ် တို့အပြင် အမျိုးသားညီလာခံကချမှတ်ပြီးဖြစ်တဲ့ အခြေခံရမယ့်မူများကို လမ်းညွှန်အဖြစ်ထားရှိပြုစုခဲ့ပါတယ်။

အဲဒီလိုပြုစုထားတဲ့ ရှင်းလင်းချက်များကို အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်သို့ တင်ပြခဲ့ပါတယ်။ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဟာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရဲ့ တင်ပြချက်များကို အသေးစိတ်လေ့လာပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြဖို့ လမ်းညွှန်ခဲ့ပါတယ်။ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ပထမဦးစွာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ အဲဒီလွှတ်တော်နှစ်ရပ်ပါရှိတဲ့ ပြည်ထောင်စုလွှတ်တော်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ကို လည်းကောင်း ခွဲဝေအပ်နှင်းသင့်တဲ့ ဥပဒေပြုစာရင်းလျာထားချက်များကို ကဏ္ဍ (၁၁)ခုခွဲခြားပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီ ကဏ္ဍ (၁၁)ခုဟာဆိုရင်–

၁။ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊
၂။ နိုင်ငံခြားရေးကဏ္ဍ၊
၃။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊
၄။ စီးပွားရေးကဏ္ဍ၊
၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊
၆။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊
၇။ စက်မှုလက်မှုကဏ္ဍ၊
၈။ ပို့ဆောင်၊ ဆက်သွယ်ရေးကဏ္ဍ၊
၉။ လူမှုရေးကဏ္ဍ၊
၁၀။ စီမံခန့်ခွဲရေးကဏ္ဍနဲ့

ကိုယ်စားလှယ်များ တက်ရောက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံသို့ တက်ရောက်လာကြသည့်အမျိုးသားညီလာခံ ကိုယ်စားလှယ်များကို တွေ့ရစဉ်။

(သတင်းစဉ်)



ကာကွယ်ရေးနှင့်လုံခြုံရေးအင်အားတောင့်တင်းမှတိုင်းတစ်ပါး၏ကျူးကျော်မှုကိုကာကွယ်နိုင်မည် နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အင်အားတောင့်တင်းပြီးခေတ်မီသည့်တစ်ခုတည်းသောတပ်မတော်ထားရှိရန်လို

ရန်ကုန် မေ ၁၈

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်တို့၏ "ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ"နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ကာကွယ်ရေးအပိုင်းနဲ့ နိုင်ငံတော်လုံခြုံရေးအပိုင်း နှစ်ပိုင်းအနက် နိုင်ငံတော်ကာကွယ်ရေးအပိုင်းကို ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ နိုင်ငံတော်ကာကွယ်ရေးဟာ ညီလာခံကိုယ်စားလှယ်များ သိရှိကြပြီးဖြစ်တဲ့အတိုင်း နိုင်ငံတိုင်းအတွက် အသက်တမျှအရေးကြီးတဲ့ကိစ္စ ဖြစ်ပါတယ်။ တစ်ချိန်တစ်ခါက မိမိတို့နိုင်ငံရဲ့ ကာကွယ်ရေးအင်အား ချည့်နဲ့ခဲ့တဲ့အတွက် ဗြိတိသျှကိုလိုနီနယ်ချဲ့တို့ရဲ့ လက်အောက်ခံကျွန်သပေါက်အဖြစ် နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့တဲ့အဖြစ်ကို အမြဲတစေ သတိရှိနေကြဖို့လိုပါတယ်။ မိမိတို့ နိုင်ငံတော်ကို နိုင်ငံသားအားလုံးက တပ်မတော်နဲ့အတူ စည်းစည်းလုံးလုံး ကြိုးပမ်းကာကွယ်မှသာ မိမိတို့နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ တည်တံ့ခိုင်မြဲပြီး ကမ္ဘာ့အလယ်မှာ လွတ်လပ်တဲ့ နိုင်ငံတော်အဖြစ် တည်ရှိနေမှာဖြစ်ပါတယ်။ နိုင်ငံတိုင်းလိုလို နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို တစ်နိုင်ငံလုံးမှ ကိုယ်စားလှယ်များပါရှိပြီး တစ်နိုင်ငံလုံး အရေးကိစ္စကို ဆောင်ရွက်ခွင့်ရှိတဲ့ ဗဟိုအဆင့်လွှတ်တော်တွေကိုသာ အပ်နှင်းလေ့ရှိကြပါတယ်။

အဲဒီလို ဥပဒေပြုရေးအာဏာများကို ခွဲဝေအပ်နှင်းရာမှာလည်း သက်ဆိုင်ရာ နိုင်ငံရဲ့ အခြေအနေအရပ်ရပ်ပေါ် မူတည်ပြီး ခွဲဝေအပ်နှင်းကြတာဖြစ်တဲ့အတွက် ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာများ ခွဲဝေအပ်နှင်းတဲ့ကိစ္စများဟာလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အထိုက်အလျောက် ကွဲပြားမှုရှိကြောင်း တွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ နိုင်ငံတော်ကာကွယ်ရေးနဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာကို ဗဟိုအဆင့်မှာရှိတဲ့ ပါလီမန်ကို အပ်နှင်းထားတာ တွေ့ရပါတယ်။ အဲဒီလို အာဏာအပ်နှင်းထားတဲ့ ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုခွင့် အကြောင်းအရာများကို အဲဒီအခြေခံဥပဒေရဲ့ တတိယဇယား စာရင်း(၁)ပါ ပြည်ထောင်စုနိုင်ငံ ဥပဒေပြုစာရင်းရဲ့ အမှတ်စဉ်(၁)ကာကွယ်ရေးခေါင်းစဉ်အောက်မှာ အောက်ပါအတိုင်း အသေးစိတ်ဖော်ပြထားပါတယ်။

၁။ **ကာကွယ်ရေး**။ ။ ဆိုလိုရင်းမှာ ယေဘုယျအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊ စစ်တွင်းကာလတွင် စစ်အောင်နိုင်ရေးနှင့် စစ်အပြီးတွင် စစ်တပ်များကို ထိရောက်စွာ ဖျက်သိမ်းနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ခြင်းတို့ ပါဝင်သော ပြည်ထောင်စုနိုင်ငံနှင့်တကွ ပြည်ထောင်စုနိုင်ငံ၏တစ်စိတ်တစ်ပိုင်းများ၏ ကာကွယ်ရေး၊ ထို့ပြင် အထူးအားဖြင့်–

(၁) ရေတပ်၊ ကုန်းတပ်၊ လေတပ်များ ဖွဲ့စည်းရေး၊ လေ့ကျင့်ရေး၊ ထားရှိရေးနှင့် ကြီးကြပ်အုပ်ချုပ်ရေးများ၊ ပြည်ထောင်စုနိုင်ငံကို ကာကွယ်ရန်လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံနှင့် ပြည်နယ်များ၏ တရားဥပဒေများကို အာဏာတည်စေရန်လည်းကောင်း ထိုတပ်များကိုအသုံးပြုရေး၊

(၂) ကာကွယ်ရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊

(၃) ရေတပ်၊ ကုန်းတပ်၊ လေတပ်များနှင့် သက်ဆိုင်သောလုပ်ငန်းများ၊

(၄) တပ်မြေဒေသများတွင် ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေး၊ ထိုဒေသများအတွင်း တပ်မြေအာဏာပိုင်များ ဖွဲ့စည်းရေးနှင့် အာဏာများ အပ်နှင်းရေး၊ ထိုဒေသများအတွင်း အိမ်နေရာထိုင်ခင်း စည်းမျဉ်းသတ်မှတ်ပေးရေးနှင့် ထိုဒေသများ၏ နယ်နိမိတ်သတ်မှတ်ရေးများ၊

(၅) လက်နက်များ၊ အမြောက်သေနတ်များ၊ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများ၊

(၆) အဏုမြူဓာတ်အားနှင့် ထိုဓာတ်အားဖြစ်ထွန်းလာစေရန် အရေးပါသော ဓာတ်သတ္တု ပင်ရင်းအခြေအမြစ်များနဲ့

(၇) စစ်ဆင်ရေး

တို့ ဖြစ်ကြပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် ဗြိတိသျှကိုလိုနီနယ်ချဲ့ လက်အောက်မှ လွတ်လပ်ရေးရခဲ့ကြတဲ့ ဘဝတူနိုင်ငံအချို့နဲ့ အခြားနိုင်ငံအချို့တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများပါ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များကို အသေးစိတ်လေ့လာမယ်ဆိုရင် ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာများကို ဗဟိုအဆင့်မှာရှိတဲ့ လွှတ်တော်တွေကသာ ကျင့်သုံးကြကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်လုံခြုံရေးအပိုင်းဆိုင်ရာ ဥပဒေပြုခွင့်နဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြရရင် နိုင်ငံတော်လုံခြုံရေးဟာလည်း နိုင်ငံတော်ကာကွယ်ရေးလိုပဲ သက်ဆိုင်ရာနိုင်ငံအဖို့ အလွန်ပဲ အရေးကြီးပါတယ်။ နိုင်ငံတော်မှာ လုံခြုံမှုရှိမှသာ ပြည်သူများရဲ့ အသက်အိုးအိမ်၊ စည်းစိမ်တွေ လုံခြုံမှုရှိမှာဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ နိုင်ငံတော်ကို ဘက်စုံတိုးတက်ဖွံ့ဖြိုးအောင် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်လုံခြုံတယ်ဆိုရာမှာ နိုင်ငံတော်တစ်ဝန်းလုံး လုံခြုံမှုရှိရမှာဖြစ်ပါတယ်။

ဒါကြောင့် အခုဆက်လက်ပြီး ပြည်ထောင်စုတစ်ခုလုံးအတွက် အထူးလိုအပ်တဲ့ ကာကွယ်ရေးနဲ့လုံခြုံရေးကဏ္ဍအောက်မှာ ပါရှိသင့်တဲ့ကိစ္စရပ်တစ်ခုချင်းကို ဆက်လက်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ကာကွယ်ရေးအင်အားချည့်နဲ့ခဲ့တဲ့အတွက် ဗြိတိသျှကိုလိုနီနယ်ချဲ့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး ကျွန်တော်တို့နိုင်ငံကို သိမ်းပိုက်ကျွန်ပြုခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဗြိတိသျှကိုလိုနီနယ်ချဲ့လက်အောက်မှာ နှစ် ၁၀၀ကျော် ကျွန်သပေါက်ဘဝနဲ့နေခဲ့ရပါတယ်။

၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာလည်း စည်းလုံးမှုပျက်ပြားခဲ့တဲ့အတွက် တပ်မတော်ဟာ ပြည်သူတို့ရဲ့ အသက်အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခဲ့ရပါတယ်။ ဒါ့အပြင် ၁၉၅၀ပြည့်နှစ်ဝန်းကျင်ကာလမှာ ကူမင်တန်တရုတ်ဖြူ အကြွင်းအကျန်တပ်များက နိုင်ငံခြားမှ ယင်းတို့ဆရာကြီးများရဲ့ အကူအညီအထောက်အပံ့နဲ့ ရှမ်းပြည်နယ်အတွင်းသို့ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့တာကိုလည်း တပ်မတော်ဟာ ပြန်လည်တိုက်ခိုက်မောင်းထုတ်ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာလည်းပဲ နိုင်ငံခြားတိုင်းပြည်အချို့ရဲ့ ခြိမ်းခြောက်မှုရန်စမှုတွေကိုခံခဲ့ရပါတယ်။ ဒီဖြစ်ရပ်တွေကို သုံးသပ်မယ်ဆိုရင် နယ်ချဲ့များနဲ့ ကိုလိုနီနယ်ချဲ့လက်သစ် တွေဟာ ဆည်ဝမှာ ဗျိုင်းစောင့်နေသလို စောင့်ကြည့်နေပြီး အင်အားချည့်နဲ့တဲ့နိုင်ငံတွေကို ယင်းတို့ရဲ့ သြဇာခံဖြစ်ရေးအတွက် အချိန်မရွေး အနှောင့်အယှက်ပေးနိုင်တာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံမှာ ကာကွယ်ရေးနဲ့ လုံခြုံရေးအင်အားတောင့်တင်းမှသာ တိုင်းတစ်ပါးတို့ရဲ့ခြိမ်းခြောက်ခြင်း၊ ရန်စခြင်း၊ ကျူးကျော်ခြင်းစတာတွေကို တွန်းလှန်ဖြိုဖျက်ပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မှာဖြစ်ပါတယ်။

ယနေ့ နိုင်ငံတကာအခြေအနေအရ လူ့အခွင့်အရေးနဲ့ဒီမိုကရေစီရေးကို အကြောင်းပြပြီး နိုင်ငံကြီးအချို့က နိုင်ငံငယ်များကိုသြဇာလွှမ်းမိုးဖို့ ကြိုးစားနေကြတာ တွေ့ကြရမှာဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့ အနေနဲ့ အစစအရာရာ ကိုယ်ခံအားကောင်းအောင်၊ တိုင်းပြည်အားရှိအောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတိုးတက်ရေးအတွက် မိမိကိုယ်ကိုမိမိ အားကိုးကြရမှာဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ မိမိတို့နိုင်ငံကို ကာကွယ်နိုင်စွမ်းရှိမယ့် ခိုင်မာတောင့်တင်းတဲ့ ကာကွယ်ရေးအင်အားရှိဖို့ လိုအပ်ပါတယ်။ ခိုင်မာ တောင့်တင်းတဲ့ ကာကွယ်ရေးအင်အားရှိမှသာ နိုင်ငံတော်နဲ့ နိုင်ငံတော်ရဲ့

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက "ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ" ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်က "ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ" ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အစိတ်အပိုင်းများကို ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်နဲ့ နိုင်ငံတော်ရဲ့အစိတ်အပိုင်းများ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်တဲ့ဥပဒေတွေကိုလည်း ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ တစ်ဆက်တည်း တင်ပြရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံလွတ်လပ်ရေးရခဲ့တာဟာ နှစ် ၅၀ပြည့်ပြီး ဖြစ်ပါတယ်။ ဒီကာလတစ်လျှောက်မှာ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး ကျွန်တော်တို့နိုင်ငံကို ပြည်တွင်းပြည်ပမှ ခြိမ်းခြောက်မှုအန္တရာယ်များ၊ ကျူးကျော်မှုအန္တရာယ်များကို ကာကွယ်ဖို့နဲ့ နိုင်ငံတော်လုံခြုံမှုရှိဖို့ သတိရှိရှိ ကာကွယ်စောင့်ရှောက်သွားကြရမှာဖြစ်ပါတယ်။ ဒီလိုနိုင်ငံတော်ကိုကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်းဟာ မိမိတို့နိုင်ငံတော်ကိုသာ ကာကွယ်ဖို့ဖြစ်ပါတယ်။ အမျိုးသားညီလာခံကလည်း မိမိတို့နိုင်ငံကို အခြားသူများရဲ့ကျူးကျော်တိုက်ခိုက်ခြင်းမပြုနိုင်အောင် ကာကွယ်ဖို့အတွက် တပ်မတော်ကို အင်အားတောင့်တင်းပြီး ခေတ်မီတဲ့ တစ်ခုတည်းသော တပ်မတော်အဖြစ်ထားရှိဖို့ အခြေခံရမယ့်မူများ ချမှတ်ထားတဲ့အပြင် မိမိတို့နိုင်ငံဟာ မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းပြုမည်မဟုတ်ကြောင်းနဲ့ နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်ပြုမည်မဟုတ်ကြောင်း အခြေခံရမယ့်မူများ ချမှတ်ထားပြီးဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁

နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ဆက်လက်ကျင့်သုံးလျက်ရှိ နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု၊ မည်သည့်နိုင်ငံကိုမျှ စတင်မကျူးကျော်

ရန်ကုန် မေ ၁၈

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၏ နိုင်ငံခြားရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံခြားရေးကဏ္ဍကို ဆက်လက်ရှင်းလင်း တင်ပြမှာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ နိုင်ငံခြားရေးဝါဒကိုကျင့်သုံးရာမှာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေး ကိုလိုနီနယ်ချဲ့ဝါဒ၊ ကိုလိုနီလက်သစ်ဝါဒီတွေကို ဆန့်ကျင်ရေး၊ လူမျိုးခွဲခြားရေး၊ အသားအရောင်ခွဲခြားရေး ဝါဒများ ဆန့်ကျင်ရေး၊ တစ်နိုင်ငံရဲ့ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ မကျူးကျော်ရေးနဲ့ စိုးမိုးခြယ်လှယ်ခြင်းမပြုရေးတို့အတွက် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာကိစ္စများတွင်လည်း အခြေအနေမှန်ကို လွတ်လပ်စွာ ဝေဖန်သုံးသပ် ဆုံးဖြတ်ဆောင်ရွက်နေတဲ့အပြင် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတွင်လည်း အထူးသဖြင့် ဒေသတွင်း နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ အိမ်နီးချင်းကောင်းပီသစွာ မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံလျက်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ လူလူချင်း တန်းတူရည်တူရှိမှုကို လည်းကောင်း၊ နိုင်ငံအားလုံး တန်းတူညီတူရှိမှုကိုလည်းကောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး ငါးချက်ကိုလည်းကောင်း အစဉ်လေးစား လိုက်နာ စောင့်ထိန်းလျက် ရှိပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၁၂)၊ ပြည်ထောင်အချင်းချင်းဆက်ဆံရေး ခေါင်းစဉ်အောက်မှာ ရှိတဲ့ ပုဒ်မ (၂၁၁) နဲ့ (၂၁၂) တို့မှာ နိုင်ငံခြားရေးဝါဒနဲ့စပ်လျဉ်းလို့ အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါတယ်–

ပုဒ်မ ၂၁၁။ ပြည်ထောင်စုမြန်မာနိုင်ငံသည် စစ်မက်ကို နိုင်ငံတော်ဝါဒ၏လက်နက်သဖွယ် အသုံးမပြု စွန့်ပယ်သည်။ ထို့ပြင်နိုင်ငံခြားနှင့်ဆက်ဆံရာ၌ ပြည်ထောင်အချင်းချင်း ဥပဒေ၏သဘောတရားများကို ကျင့်စဉ်အဖြစ်ဖြင့် လိုက်နာလက်ခံသည်။

ပုဒ်မ ၂၁၂။ ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်ထောင်အချင်းချင်း တရားမျှတမှုနှင့် နိုင်ငံတကာတို့ စောင့်ရှောက်အပ်သော ကျင့်ဝတ်သိက္ခာတို့ကိုအခြေခံ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကိုလည်းကောင်း၊ နိုင်ငံတကာတို့နှင့်မိတ်ဝတ်မပျက် ပေါင်းဖက်ဆောင်ရွက်ရေးကိုလည်းကောင်း ရှေးရှုမည်ဟူ၍ ခိုင်မြဲသောအဓိဋ္ဌာန်ကိုပြုသည်။

ဟု ပြဋ္ဌာန်းထားပါတယ်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက် ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က “နိုင်ငံခြားရေးကဏ္ဍ”ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထုတ်ပြန်ကြေညာခဲ့

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီဟာ မြန်မာနိုင်ငံနဲ့ နိုင်ငံများအားလုံးတို့ရဲ့ ချစ်ကြည်ရင်းနှီးမှုများကို ဆက်လက်ရှင်သန်စေပြီး ပိုမိုခိုင်မြဲစေခြင်းငှာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့နိုင်ငံခြားရေးဝါဒကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီကြေညာချက်အကျဉ်းချုပ်မှာ–

- ပြည်ထောင်အချင်းချင်းတရားမျှတမှုနှင့်နိုင်ငံတကာတို့ စောင့်ရှောက်အပ်သော ကျင့်ဝတ်သိက္ခာတို့ကိုအခြေပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအားလုံးချစ်ကြည်စွာဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးတို့ကို ယုံကြည်ရေးရှုကြောင်း၊
- ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ပဋိညာဉ်စာချုပ်တွင် ပါဝင်သည့်မူများနှင့် ရည်မှန်းချက်များကိုလုံဝဥဿုံယုံကြည်ထောက်ခံအားပေးကြောင်း၊
- နိုင်ငံတော်က လိုက်နာကျင့်သုံးခဲ့သည့် တိကျမှန်ကန်သော ကြားနေရေးဝါဒသည်နိုင်ငံတော်နှင့်ကမ္ဘာကြီးအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည်ဟုစွဲမြဲစွာယုံကြည်ကြောင်း၊
- ထို့ကြောင့် နိုင်ငံတော်သည် နိုင်ငံအားလုံးနှင့်လက်ရှိအတိုင်း ချစ်ကြည်ရင်းနှီးစွာဆက်သွယ်မှုများ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊

တို့ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၉ မှ

နိုင်ငံတော်မှာ ခိုင်မာတောင့်တင်းတဲ့ ကာကွယ်ရေးအင်အားရှိဖို့ လိုအပ်တာတွေကို ဆောင်ရွက်ကြမယ်ဆိုရင် တစ်မုဟုတ်ချင်းဆောင်ရွက်လို့ ရနိုင်မှာမဟုတ်ပါဘူး။ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်တာတွေကို ကြိုတင်စီမံပြင်ဆင်ကြရမှာဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်တာတွေကို ကြိုတင်စီမံပြင်ဆင် ဆောင်ရွက်ကြရာမှာ ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေများပြဋ္ဌာန်းကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် “ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ကာကွယ်ရေး အတွက် စီမံပြင်ဆင်ခြင်း”နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာတဲ့အခါ ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် နိုင်ငံတော်ကာကွယ်ရေးအတွက် စီမံပြင်ဆင်ရာမှာ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ စက်မှုလက်မှု လုပ်ငန်းများကိုလည်း လိုအပ်လျှင်လိုအပ်သလို တည်ထောင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက်“ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ”နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးဟာ ဆက်စပ်လျက်ရှိပါတယ်။ နိုင်ငံတော်ဟာ ပြင်ပမှ ကျူးကျော်လာမယ့် အန္တရာယ်များကို ကာကွယ်ရမှာဖြစ်သလို ပြည်တွင်းမှာလည်း ပြည်သူများရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံအောင် ကာကွယ်စောင့်ရှောက်ပေးဖို့ လိုအပ်ပါတယ်။ ပြည်သူများရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံအောင် ကာကွယ်စောင့်ရှောက်ပေးဖို့အတွက် ဇီဝနဲ့ ဓာတုစတဲ့ လက်နက်များအပါအဝင် လက်နက်ခဲယမ်း မီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများနဲ့စပ်လျဉ်းပြီး တိတိကျကျထိန်းချုပ်ပေးမယ့် ဥပဒေများရှိဖို့ လိုအပ်ပါတယ်။ လက်နက်ခဲယမ်းမီးကျောက်များကို လွတ်လပ်စွာ ကိုင်ဆောင်ခွင့်ပေးထားတဲ့ အချို့နိုင်ငံများရဲ့ ကြုံတွေ့နေရတဲ့ အနိဋ္ဌာရုံမျိုးကို ကျွန်တော်တို့ နိုင်ငံသားများ ကြုံတွေ့မှုမရှိအောင် ကာကွယ်စောင့်ရှောက်ပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့်“ဇီဝနှင့်ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်း မီးကျောက်များနှင့်ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ”နဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခုအခါ နည်းပညာများ တိုးတက်ထွန်းကားလာတာနဲ့အမျှ စစ်လက်နက်ပစ္စည်းများနဲ့ လူ့အသုံးအဆောင်ပစ္စည်း အသစ်အဆန်းများဟာ တစ်ချိန်ထက်တစ်ချိန် ပိုမိုဆန်းပြားစွာ ပေါ်ထွက်လာတာကို တွေ့ရှိရပါတယ်။ အခုဆိုရင် အဏုမြူစွမ်းအင်နဲ့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်သုံးစွဲနေသလို စစ်ဘက်ဆိုင်ရာအနေနဲ့လည်း အဏုမြူဗုံးများ၊ အဏုမြူအင်အားသုံး သင်္ဘောများ တည်ဆောက်အသုံးပြုလျက်ရှိကြပါတယ်။ အဲဒီအဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်တို့ကို အသုံးပြုရာမှာ တိတိကျကျထိန်းချုပ်မှုမပြုနိုင်ရင် ပြည်သူများအတွက် အန္တရာယ်ဖြစ်ပေါ်စေနိုင်ပါတယ်။ အဏုမြူစမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်တို့ဟာ ယင်းတို့ကို ဖြစ်ထွန်းစေတဲ့ ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များကတစ်ဆင့် ရရှိတာဖြစ်ပါတယ်။ အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်တို့ကို ပြည်သူတို့အတွက် အကျိုးရှိပြီး မှန်ကန်စွာ အသုံးပြုရေးအတွက် ထိန်းချုပ်ဖို့လိုအပ်သလို အဲဒီအဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်တို့ကို ဖြစ်ထွန်းစေတဲ့ ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များကိုလည်း ထိန်းချုပ်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် “အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ”နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံအတော်များများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာမယ်ဆိုရင် စစ်ကြေညာခြင်းနဲ့ စစ်ပြေငြိမ်းခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို နိုင်ငံရဲ့ အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့ လွှတ်တော်တွေကိုသာ အပ်နှင်းထားတာတွေ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ပြည်ပနိုင်ငံတစ်ခုရဲ့ ကျူးကျော်မှုကို ပြန်လည်တွန်းလှန်ခုခံပိုင်ခွင့်ရှိပါတယ်။ နိုင်ငံတစ်ခုခုက တစ်ဖက်သတ်စစ်ကြေညာလာရင်လည်း သက်ဆိုင်ရာနိုင်ငံက ပြန်လည်ပြီး စစ်ကြေညာပိုင်ခွင့်ရှိမှာဖြစ်ပါတယ်။ အဲဒီလို စစ်မက်ဖြစ်ပွားပြီးနောက် အချင်းချင်းနားလည်မှုရရှိ၍ဖြစ်စေ၊ နိုင်ငံတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ကြားဝင်ဖြန်ဖြေပေးမှုကြောင့်ဖြစ်စေ နှစ်ဦးနှစ်ဖက်တိုက်ခိုက်မှုများရပ်စဲပြီး စစ်ပြေငြိမ်းတတ်ကြပါတယ်။ အဲဒီလို စစ်ကြေညာခြင်းနဲ့ စစ်ပြေငြိမ်းခြင်းတို့ဟာ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် သက်ဆိုင်ရာနိုင်ငံရဲ့ အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းတွေထံ တင်ပြပြီး အဆုံးအဖြတ်ခံယူကြပါတယ်။

မိမိတို့နိုင်ငံမှာကျင့်သုံးခဲ့တဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ စစ်ကြေညာခြင်းနဲ့ စစ်ပြေငြိမ်းရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို ပါလီမန်လွှတ်တော်ကသာ ကိုင်တွယ်ကျင့်သုံးခဲ့ပါတယ်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၇၅မှာ “နိုင်ငံတော်သည် ကျူးကျော်တိုက်ခိုက်ခြင်းခံရလျှင် နိုင်ငံတော်ကောင်စီက စစ်ရေးအရလိုအပ်သလို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ချက်ကို ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍တင်ပြရမည်။ ပြည်သူ့လွှတ်တော်အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပရန် လုံးဝမဖြစ်နိုင်သော အခြေအနေမျိုးတွင် နိုင်ငံတော်ကောင်စီသည် စစ်ရေးအရ ဆက်လက်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းဆောင်ရွက်ချက်ကို အနီးကပ်ဆုံး ပြည်သူ့လွှတ်တော်အစည်းအဝေးကိုတင်ပြ၍ အတည်ပြုချက်ရယူရမည်”လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ အဲဒီပြဋ္ဌာန်းချက်ဟာလည်း နိုင်ငံတော်ကို ကျူးကျော်တိုက်ခိုက်ခြင်းခံရလျှင် နိုင်ငံတော်ကောင်စီက လိုအပ်သလိုဆောင်ရွက်ဖို့နဲ့ အဲဒီဆောင်ရွက်ချက်တွေကို ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူဖို့ ဖြစ်ပါတယ်။ ဖော်ပြပါ ကိစ္စရပ်တွေကို နိုင်ငံတော်ရဲ့အမြင့်ဆုံးဖြစ်တဲ့ ဥပဒေပြုလွှတ်တော်တွေကသာ ကိုင်တွယ်ကျင့်သုံး ဆောင်ရွက်ကြတာ တွေ့ရပါတယ်။ ဒါ့ကြောင့် “စစ်ကြေညာခြင်းနဲ့စစ်ပြေငြိမ်းခြင်း”ဆိုင်ရာ ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြုနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်းလေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်လာအောင် ဆောင်ရွက်ရာမှာ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ မရှိမဖြစ်လိုအပ်တာဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးမှာ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးကိစ္စများကို စနစ်တကျအခြေကျအောင် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်များ တိုးတက်ဖွံ့ဖြိုးဖို့အတွက် အဲဒီနိုင်ငံဟာ တည်ငြိမ်မှုရှိပြီး အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့လည်း ရှိရမှာဖြစ်ပါတယ်။ အဲဒီလိုရှိအောင်လည်း လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းတဲ့အခါ အဲဒီဥပဒေတွေဟာ တစ်နိုင်ငံလုံးမှာ တစ်ပြေးညီအာဏာ သက်ရောက်ဖို့ လိုအပ်တဲ့အတွက် သက်ဆိုင်ရာနိုင်ငံရဲ့ အမြင့်ဆုံးဥပဒေပြု အဖွဲ့အစည်းများကသာ ယင်းဥပဒေများကို ပြဋ္ဌာန်းပေးကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံ တစ်ဝန်းလုံးအတွက် “နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး”တို့နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ နိုင်ငံတော်ရဲ့ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ပေးဖို့ တာဝန်ရှိတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်တို့ကို ထိရောက်စွာ ထမ်းဆောင်နိုင်ဖို့ ရဲတပ်ဖွဲ့ဝင်များဟာ ပြစ်မှုများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားခဲ့တဲ့ ပြစ်မှုများကို စုံစမ်းထောက်လှမ်းပြီး လိုအပ်သလို အရေးယူခြင်း၊ ပြစ်မှုနဲ့စပ်လျဉ်းတဲ့ သက်သေအထောက်အထားခိုင်လုံစွာရရှိအောင် စုဆောင်းရခြင်း၊ ပြစ်မှုကျူးလွန်သူများကို ဥပဒေနဲ့အညီ တရားစွဲတင်ပို့ခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်ရပါတယ်။ ရဲတပ်ဖွဲ့ဟာ ဥပဒေကိုလက်ကိုင်ပြုပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ပြည်သူများနဲ့ဆက်ဆံရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ရဲ့အဓိက တာဝန်ဟာ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးကို ဆောင်ရွက်ရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါ့အပြင် အရေးပေါ်အခြေအနေတွင်လည်း နိုင်ငံတော်ကိုကာကွယ်ရမယ့် အရန်အင်အားစုအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတာဝန်များကို ဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ယင်းတို့ရဲ့လုပ်ငန်းများ ဆောင်ရွက်ရာမှာ ပြည်ထောင်စုတစ်ဝန်းလုံး အကျိုးသက်ရောက်မှုရှိစေရန် “ရဲတပ်ဖွဲ့”နဲ့သက်ဆိုင်တဲ့ဥပဒေများကိုပြဋ္ဌာန်းဖို့ အကြောင်းပေါ်ပေါက်လာတဲ့အခါ ပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခုဆိုရင် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍအောက်မှာ ပါရှိမယ့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။

ဒါကြောင့် အောက်ပါ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်–

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊

၂။ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊

၃။ ဇီဝနှင့်ဓာတုစသည့် လက်နက်များအပါအဝင် လက်နက် ခဲယမ်း မီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၊

၄။ အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များ၊

၅။ စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊

၆။ နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊

၇။ ရဲတပ်ဖွဲ့

တို့ ဖြစ်ပါတယ်။ ။

ဘဏ္ဍာရေးနှင့်စီမံကိန်းလုပ်ငန်းများနိုင်ငံတစ်ဝန်းလုံးတစ်ပြေးညီကျင့်သုံးမှုတိုးတက်မည် ပြည်သူများ၏လူနေမှုအဆင့်မြှင့်တင်ရေးနှင့်အမျိုးသားစီးပွားရေးဖွံ့ဖြိုးစေရေးရှေးရှု

ရန်ကုန် မေ ၁၈

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့၏ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

သဘာပတိကြီးခင်ဗျား–

ဆက်လက်ရှင်းလင်းတင်ပြမှာကတော့ ဘဏ္ဍာရေးနဲ့ စီမံကိန်းကဏ္ဍ ဖြစ်ပါတယ်။

နိုင်ငံတော်က နိုင်ငံတော်ရဲ့ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးမူဝါဒများနဲ့ ရည်မှန်းချက်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာမူဝါဒများနဲ့ငွေကြေးမူဝါဒများကိုချမှတ်ပြီး ဘဏ္ဍာငွေရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း၊ ခွဲဝေသုံးစွဲခြင်း၊ ငွေကြေးနဲ့ ဘဏ်လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်း၊ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီးများမြှုပ်နှံခြင်း၊ ကြီးကြပ်ခြင်းနဲ့ နိုင်ငံတစ်ဝန်းတစ်ပြေးညီတိုးတက်စေရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံရေးဦးတည်ချက်များ၊ စီးပွားရေးဦးတည်ချက်များနဲ့ လူမှုရေးဦးတည်ချက်များကိုလည်းချမှတ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ကို အားသွန်ခွန်စိုက် တည်ဆောက်လျက်ရှိပါတယ်။ နိုင်ငံတော်၌ နှစ်စဉ်တိုးတက်နေသော လူဦးရေနှုန်းထားထက် စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားဖို့လိုအပ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှ ပြည်သူများရဲ့ လူနေမှုအဆင့်အတန်းတိုးတက်မှာဖြစ်ပါတယ်။ နိုင်ငံတော်က ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမယ့် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊ ရေထိန်းတံခါးကြီးများ တည်ဆောက်ခြင်း၊ လေယာဉ်ကွင်းများတည်ဆောက်ခြင်း၊ မော်တော်ကားလမ်းနဲ့ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ တယ်လီဖုန်း၊ ကြေးနန်းဆက်သွယ်မှု တိုးချဲ့တပ်ဆင်ခြင်းတို့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်မှုလွယ်ကူစေဖို့တို့အတွက် ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးတိုးတက်အောင် ဇောက်ချဆောင်ရွက်နေခြင်းဟာ ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းတိုးတက်အောင် ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ စီးပွားရေးဟာ အခြေခံအကျဆုံးဖြစ်တဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကျန်ကဏ္ဍများလည်း တိုးတက်လာမှာဖြစ်ပါတယ်။ အမျိုးသားညီလာခံကလည်း ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးနဲ့ အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးစေရေး အတွက် ရှေးရှုပြီး ဘဏ္ဍာရေးနဲ့စီမံကိန်းဆိုင်ရာ အခြေခံရမယ့်မူအချို့ကို ချမှတ်ထားပြီးဖြစ်ပါတယ်။

အဲဒီအခြေခံရမယ့် မူတွေကတော့–

- နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်။ ***စာမျက်နှာ ၁၂ ကော်လံ ၁***

စာမျက်နှာ ၁၀ မှ

သဘာပတိကြီးခင်ဗျား–

၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၂)ပါ အခြေခံမူများမှာလည်း နိုင်ငံခြားရေးနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

ပုဒ်မ ၂၆။ နိုင်ငံတော်သည် လွတ်လပ်သော နိုင်ငံခြားရေးဝါဒကို အစဉ်တစိုက်ကျင့်သုံး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူများကိုစောင့်ထိန်းသည်လို့ ဖော်ပြထားပါတယ်။

ယခုအခါမှာလည်း ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်ကျင့်သုံးလျက်ရှိပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်က စဉ်ဆက်မပြတ်ကျင့်သုံးနေတဲ့ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို ဆက်လက်ရှင်သန်စေပြီး နိုင်ငံတကာနဲ့မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံနိုင်ရေးကို ရှေးရှုကာအမျိုးသားညီလာခံက နိုင်ငံခြားရေးနဲ့ စပ်လျဉ်းပြီး ချမှတ်ထားတဲ့အခြေခံရမယ့်မူများဟာဆိုရင်–

- နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကိုကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်၊
- နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု၊
- နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု

တို့ဖြစ်ပါတယ်။

အဲဒီလို အမျိုးသားညီလာခံက ချမှတ်ထားတဲ့အခြေခံရမယ့်မူတွေနဲ့အညီ နိုင်ငံခြားရေးကဏ္ဍဆိုင်ရာ ဥပဒေပြုခွင့်အာဏာအတွက် အသေးစိတ် အခြေခံရမယ့်မူများကို ဆွေးနွေးညှိနှိုင်းချမှတ်ကြရတော့မှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာလည်း နိုင်ငံခြားရေးနဲ့စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာများကို သက်ဆိုင်ရာနိုင်ငံများရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းများကိုသာ အပ်နှင်းထားလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

အခုအသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ဖို့ရှိနေတဲ့ နိုင်ငံခြားရေးကဏ္ဍအောက်မှာပါရှိသင့်တဲ့ကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို ကျွန်တော် ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်ပြီး အပြည်ပြည်ဆိုင်ရာနဲ့ဒေသဆိုင်ရာအဖွဲ့အစည်းအချို့မှာလည်း အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်လျက်ရှိပါတယ်။ ယခုအခါ နိုင်ငံအတော်များများနဲ့ သံတမန်အဆက်အသွယ်များ တည်ထောင်ထားရှိပြီး သက်ဆိုင်ရာနိုင်ငံများမှာလည်း မြန်မာနိုင်ငံဆိုင်ရာသံရုံးများကို လိုအပ်သလို ဖွင့်လှစ်ထားရှိပါတယ်။ ဒါ့အပြင် အချို့နိုင်ငံတွေမှာကူးသန်းရောင်းဝယ်ရေး ဆိုင်ရာကိုယ်စားလှယ်များခန့်ထားဖို့ လိုအပ်ပါကခန့်ထားဖို့ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာနိုင်ငံတွေမှာ ရှိတဲ့ မြန်မာနိုင်ငံသံရုံးများတွင် တာဝန်ထမ်းဆောင်ဖို့ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်များ၊ ကောင်စစ်ရေးရာဆိုင်ရာပုဂ္ဂိုလ်များစေလွှတ်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များ ခန့်ထားရေးတို့အတွက် ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ “သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များ” နဲ့စပ်လျဉ်းပြီး ဥပဒေပြုနိုင်ဖို့ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် ကုလသမဂ္ဂဆိုင်ရာ လုပ်ငန်းများအနက် မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်ဖို့ သဘောတူထားတဲ့ လုပ်ငန်းများအတွက် ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် “ကုလသမဂ္ဂ” ဆိုင်ရာကိစ္စများနဲ့စပ်လျဉ်းပြီး ဥပဒေပြုနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ကုလသမဂ္ဂအဖွဲ့၊ ဘက်မလိုက်လှုပ်ရှားမှု၊ အရှေ့တောင်အာရှနိုင်ငံများအသင်း၊ ဘင့်မ်စတက်(BIMSTEC) စတဲ့ အဖွဲ့အစည်းများရဲ့ အဖွဲ့ဝင်လည်းဖြစ်တဲ့အပြင် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ သို့မဟုတ် နှစ်ပြည်ထောင်ဆိုင်ရာ ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ပါဝင်တက်ရောက်ဆွေးနွေးလျက်ရှိပါတယ်။ အဲဒီညီလာခံများ၊ ဆွေးနွေးပွဲများနဲ့ အစည်းအဝေးပွဲများမှာ မိမိတို့သဘောတူထားတဲ့ ဆုံးဖြတ်ချက်များနဲ့စပ်လျဉ်းပြီး မိမိတို့နိုင်ငံတွင် အကောင်အထည်ဖော် အထမြောက်စေဖို့ လိုအပ်သလိုဆောင်ရွက်လျက်ရှိပါတယ်။

နောင်တွင်လည်း အဲဒီလိုအပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ သို့မဟုတ် နှစ်ပြည်ထောင်ဆိုင်ရာ ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနဲ့အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနဲ့ ယင်းတို့၏ဆုံးဖြတ်ချက်များကို အထမြောက်စေရေးအတွက် ဆောင်ရွက်သွားဖို့ ရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့် “အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့်အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး”နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြုနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိတာနဲ့အညီ နိုင်ငံအသီးသီးနဲ့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများနဲ့လည်းကောင်း၊အပြည်ပြည်ဆိုင်ရာနဲ့ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနဲ့ အထမြောက်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး စာချုပ်များကိုအတည်ပြုခြင်း၊ လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းပေးခြင်းစသည်တို့ကိုဆောင်ရွက်လျက်ရှိပါတယ်။

နောင်တွင် အဲဒီလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ဖို့ ရှိမှာဖြစ်တဲ့အတွက် “အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာသဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့်အထမြောက်စေရေး”အတွက် ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ နိုင်ငံတော်ဟာ ဗြိတိသျှကိုလိုနီအစိုးရလက်အောက်မှာ ရှိစဉ်အခါက ကျွန်တော်တို့နိုင်ငံအတွင်းသို့ ဗြိတိသျှအင်ပါယာမှာ ပါဝင်တဲ့ နိုင်ငံများမှ နိုင်ငံခြားသားများကို နိုင်ငံကူးလက်မှတ်နဲ့ ဗီဇာများမလိုဘဲ တံခါးမရှိ ဓားမရှိ လွတ်လပ်စွာ ဝင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီလိုဝင်ခွင့်ပြုခဲ့တဲ့အတွက် အဘက်ဘက်က ဆုံးရှုံးနစ်နာခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေဟာ ယခုထက်တိုင် သားစဉ်မြေးဆက်ခံစားနေရပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့နိုင်ငံသို့ နိုင်ငံခြားမှ လာရောက်လိုသူများနှင့် မြန်မာနိုင်ငံတွင်နေထိုင်လိုသော နိုင်ငံခြားသားများနဲ့ပတ်သက်လို့ လိုအပ်တဲ့ ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ခဲ့ရပါတယ်။ လွတ်လပ်တဲ့နိုင်ငံတိုင်းမှာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းထားရှိကြပြီး မိမိတို့နိုင်ငံသားများဟာ နိုင်ငံခြားသို့ သွားရောက်လိုတဲ့အခါ မိမိတို့နိုင်ငံမှ ထုတ်ပေးတဲ့ နိုင်ငံကူးလက်မှတ်များနဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ သံရုံးမှထုတ်ပေးတဲ့ ပြည်ဝင်ခွင့်ဗီဇာများ ပါရှိမှသာ ထိုနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ထိုနည်းအတိုင်း ကျင့်သုံးလျက်ရှိပါတယ်။ ဒါကြောင့်“နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့်ဗီဇာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ(Certificate of Identity)”တို့နဲ့စပ်လျဉ်းပြီး ဥပဒေများပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေတဲ့အတွက် စီးပွားရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း၊ အခြားကိစ္စရပ်များနဲ့ စပ်လျဉ်းလို့သော်လည်းကောင်း၊ နိုင်ငံခြားမှပုဂ္ဂိုလ်များ ဝင်ထွက်သွားလာလျက် ရှိပါတယ်။ အဲဒီလို မြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံအတွင်းမှ ထွက်ခွာခွင့်ပြုရေးနဲ့ လူဝင်မှုကြီးကြပ်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းထားမှသာလျှင် နိုင်ငံခြားသားဧည့်သည်များသိရှိမှာဖြစ်ပြီး ဥပဒေနဲ့အညီ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း အခြားနိုင်ငံများနည်းတူ ပြည်တွင်းသို့ ရောက်ရှိနေတဲ့ နိုင်ငံခြားသားတစ်ဦးဟာ ပြဋ္ဌာန်းထားတဲ့ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်လို့ရှိရင် ဥပဒေနဲ့အညီ အရေးယူအပြစ်ပေးခံရမယ့်အပြင် ကျူးလွန်ခဲ့တဲ့ပြစ်မှုရဲ့ အတိုင်းအတာအပေါ်မူတည်ပြီး ပြည်နှင်ဒဏ်ပေးရေးကို ဆောင်ရွက်ဖို့ရှိမှာဖြစ်ပါတယ်။ ဒါကြောင့်“ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး”ဆိုင်ရာ ဥပဒေများပြုဖို့လိုအပ်လာရင် ဥပဒေများပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့နိုင်ငံအတွင်းမှာ ပြစ်မှုကျူးလွန်ခဲ့တဲ့ မိမိတို့နိုင်ငံသားတစ်ဦးဟာ အခြားနိုင်ငံတစ်ခုခုသို့ ရောက်ရှိနေရင် ပြစ်မှုကျူးလွန်ထားတဲ့ အဲဒီတရားခံကို မိမိတို့နိုင်ငံသို့ ပြန်ပို့ပေးရေးအတွက် သက်ဆိုင်ရာနိုင်ငံသို့ တောင်းဆိုဖို့ ရှိနိုင်ပါတယ်။ အလားတူပဲ တခြားနိုင်ငံမှ ပြစ်မှုကျူးလွန်ပြီး မိမိတို့နိုင်ငံအတွင်းသို့ရောက်ရှိနေတဲ့ တရားခံကို သက်ဆိုင်ရာနိုင်ငံက ပြန်လည်တောင်းဆိုဖို့လည်း ရှိနိုင်ပါတယ်။ အဲဒီလို ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနဲ့ သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေးအတွက် နိုင်ငံအချို့ဟာ (Extradition Treaty)ခေါ် ပြစ်မှုကျူးလွန်သူများအား သက်ဆိုင်ရာ နိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနဲ့ သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေး စာချုပ်များ ချုပ်ဆိုလေ့ရှိကြပါတယ်။ အဲဒီလို စာချုပ်များချုပ်ဆိုထားမှသာ ပြစ်မှုကျူးလွန်သူ မိမိတို့နိုင်ငံသားတစ်ဦးဟာ အဲဒီစာချုပ်ချုပ်ဆိုထားတဲ့ နိုင်ငံ အတွင်းသို့ ရောက်ရှိနေရင် မိမိတို့နိုင်ငံက တရားဝင်တောင်းဆိုပိုင်ခွင့်ရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် (Extradition Treaty)ခေါ် “ပြစ်မှုကျူးလွန်သူ အား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့်သက်ဆိုင်ရာနိုင်ငံမှတောင်းဆိုရေး” စာချုပ်များချုပ်ဆိုရေးနှင့်စပ်လျဉ်းပြီး ဥပဒေပြုနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခု ကျွန်တော်ရှင်းလင်းတင်ပြသွားတဲ့ နိုင်ငံခြားရေးကဏ္ဍအောက်မှာ ပါရှိတဲ့ ကိစ္စရပ်တွေနဲ့ စပ်လျဉ်းလို့ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ နိုင်ငံတိုင်းလိုလိုမှာပဲ သက်ဆိုင်ရာနိုင်ငံရဲ့ အမြင့်ဆုံးဥပဒေပြု အဖွဲ့အစည်းတွေကိုသာ ဥပဒေပြုအာဏာများ အပ်နှင်းထားလေ့ရှိကြောင်း ကမ္ဘာ့နိုင်ငံအတော်များများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာတဲ့အခါမှာ တွေ့ရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံအတွက်လည်း အောက်ပါနိုင်ငံခြားရေးကဏ္ဍမှာပါရှိသင့်တဲ့ ကိစ္စရပ်များနဲ့စပ်လျဉ်းပြီး ဥပဒေပြုနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရေးအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်သင့်မသင့် ညီလာခံကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကြဖို့ဖြစ်ပါတယ်–

၁။ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာကိုယ်စားလှယ်များ၊

၂။ ကုလသမဂ္ဂ၊

၃။ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊

၄။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကိုချုပ်ဆိုရေးနှင့် အထမြောက်စေရေး၊

၅။ နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့်ဗီဇာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊

၆။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊

၇။ ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေး

တို့ဖြစ်ပါတယ်။ ။

စာမျက်နှာ ၁၁ မှ

- နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်။
- နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ ရရှိစေရန်ကူညီမည်။
- နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု။
- နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု

စသည်တို့ဖြစ်ပါတယ်။

အများပြည်သူတို့ရဲ့ နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးနဲ့ အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာလုပ်ငန်းများဟာ ပြည်ထောင်စုအတွက်ရော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက်ပါ လိုအပ်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာမယ်ဆိုရင် အဲဒီတိုင်းပြည်တွေမှာ မိမိတို့နိုင်ငံနဲ့ လိုက်လျောညီထွေရှိပြီး ခေတ်မီတဲ့စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိတာကို တွေ့ကြရမှာဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတစ်ခုလုံးနဲ့ဆိုင်တဲ့ ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနဲ့ စပ်လျဉ်းတဲ့ ဥပဒေများကို နိုင်ငံတော်ရဲ့ အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းများက လိုအပ်သလို ပြဋ္ဌာန်းပေးကြပါတယ်။ အချို့နိုင်ငံများမှာ ဥပဒေပြု အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိတဲ့ ပြည်နယ်တွေအတွက် သင့်တော်တဲ့ ဥပဒေပြု ခွင့်အာဏာများ ခွဲဝေအပ်နှင်းထားကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာလည်း ချမှတ်ထားပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေအရ တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ်ခုနစ်ခုနဲ့ သမ္မတက တိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေများရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာ ဥပဒေပြုရေးနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုအဆင့်မှာရှိတဲ့ ဥပဒေပြုအဖွဲ့အစည်းများနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တွေမှာရှိတဲ့ ဥပဒေပြုအဖွဲ့အစည်းများအား ဥပဒေပြုခွင့်အာဏာများကို သင့်လျော်သလို ခွဲဝေအပ်နှင်းကြရမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတစ်နိုင်ငံမှာ ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာလုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီကျင့်သုံးနိုင်မှသာ အဲဒီနိုင်ငံဟာ တိုးတက်မှုရှိမှာဖြစ်ပါတယ်။ အခြားနိုင်ငံအများအပြားရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာတဲ့အခါမှာလည်းကောင်း၊ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လေ့လာတဲ့အခါမှာလည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြေးညီကျင့်သုံးရမယ့် ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာလုပ်ငန်းများနဲ့စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာများကို နိုင်ငံတော်ရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းတွေက ကျင့်သုံးလျက်ရှိတာကို တွေ့ရပါတယ်။ နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြေးညီကျင့်သုံးရမယ့် ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာဥပဒေပြုခွင့်အာဏာကို နိုင်ငံတော်ရဲ့ အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းကို အပ်နှင်းတဲ့နည်းတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌သာ ကျင့်သုံးဖို့ရှိတဲ့ ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာလုပ်ငန်းများနဲ့စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုအဖွဲ့အစည်းများကို ခွဲဝေအပ်နှင်းကြတာကို တွေ့ရပါတယ်။

သဘာပတိကြီးခင်ဗျား–

ပထမဦးစွာ ပြည်ထောင်စု အရအသုံး ခန့်မှန်းခြေ ငွေစာရင်းကိစ္စကို တင်ပြလိုပါတယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မူဝါဒများနဲ့ ရည်မှန်းချက်များကို နိုင်ငံတစ်ဝန်းလုံးတွင် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ လိုအပ်သော ဘဏ္ဍာငွေရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း၊ ခွဲဝေသုံးစွဲခြင်း စတာတွေကို စနစ်တကျ လုပ်ကိုင်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာနိုင်ငံရဲ့ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို ပြုစုပြီး အဲဒီ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများနဲ့အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့နိုင်ငံမှာ ပြည်ထောင်စုရဲ့ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ ရှိမှာဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့ အရအသုံးခန့်မှန်းခြေ ငွေစာရင်းမှာ ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများအပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရဲ့ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ ပါရှိမှာဖြစ်သလို တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွက် ဖြည့်ဆည်းဖို့လိုအပ်ရင် ဖြည့်ဆည်းပေးရမယ့် ငွေများ၊ ထောက်ပံ့ငွေများ၊ ချေးငွေများပါရှိမှာ ဖြစ်ပါတယ်။

လွှတ်တော်သို့တင်

အဲဒီ ပြည်ထောင်စုအရအသုံး ခန့်မှန်းခြေငွေစာရင်းများကို သတ်မှတ်ထားတဲ့ နည်းလမ်းများအတိုင်း စိစစ်ရေးဆွဲပြီးတဲ့နောက် နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်လွှဲအပ်တဲ့ ပုဂ္ဂိုလ်က ပြည်ထောင်စုအရအသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြစေသင့်ပါတယ်။

နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ပြည်ထောင်စု အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြတဲ့အခါ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးပြုပြင်အတည်ပြုပြီး လိုအပ်တဲ့ ပြည်ထောင်စုအရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် “ပြည်ထောင်စုအရအသုံးခန့်မှန်းခြေ ငွေစာရင်း”ဆိုင်ရာကိစ္စကို ဥပဒေပြုနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်းလေ့လာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က “ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ”ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က “ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ”ကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သဘာပတိကြီးခင်ဗျား–

အခုအခါ ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နဲ့ မြို့နယ်အားလုံးပါဝင်တဲ့ အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များရဲ့ ရငွေနဲ့သုံးငွေများအတွက် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေစာရင်း(Union Fund Account)ဖွင့်လှစ်ထားပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ စည်ပင်သာယာရေးအဖွဲ့များအတွက် သီးခြားရန်ပုံငွေစာရင်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ နောင်အခါမှာလည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေနဲ့စပ်လျဉ်းတဲ့ ဥပဒေတွေကိုပြဋ္ဌာန်းပြီး ထိန်းချုပ်ကွပ်ကဲသွားဖို့ ရှိနိုင်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေ တစ်နည်းအားဖြင့် “ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ”ဆိုင်ရာကိစ္စများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ရဲ့ငွေကြေးဆိုင်ရာလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ အခုအခါ နိုင်ငံတော်ရဲ့ ငွေကြေးဆိုင်ရာလုပ်ငန်းများကို ဗဟိုဘဏ်က ဗဟိုဘဏ်ဥပဒေနဲ့အညီ ကြီးကြပ်ကွပ်ကဲလျက်ရှိပါတယ်။ အဲဒီလို ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် ဗဟိုဘဏ်ရဲ့ လုပ်ငန်းတာဝန်များဟာဆိုရင် အောက်ပါအတိုင်းဖြစ်ပါတယ်–

(က) ငွေစက္ကူများ သို့မဟုတ် ဒင်္ဂါးများဖြစ်ကြသော ပြည်တွင်း သုံးစွဲငွေကို တစ်ဦးတည်း ထုတ်ဝေသူအဖြစ် ဆောင်ရွက်ခြင်း၊

(ခ) အစိုးရ၏ငွေစာရင်းများကို ထိန်းသိမ်းပေးခြင်းဖြင့် အစိုးရ၏ ဘဏ်အဖြစ် ဆောင်ရွက်ခြင်း၊

(ဂ) စီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒနှင့် စီမံကိန်းများ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းများအပါအဝင် အစိုးရကလိုအပ်သည့် စီးပွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရ၏အကြံပေးအဖြစ် ဆောင်ရွက်ခြင်း၊

(ဃ) အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းအတွက် အစိုးရ၏အကြံပေးနှင့် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခြင်း၊

(င) မိမိ၏အဓိက ရည်မှန်းချက်နှင့်အညီ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန်အလို့ငှာ ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) ငွေရေးကြေးရေးစနစ်ကို ခိုင်မာစိတ်ချစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် ဖွံ့ဖြိုးမှုပိုမိုကောင်းမွန်စေရန်အလို့ငှာ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊

(ဆ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နိုင်ငံခြားအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ဘဏ်အဖြစ် ဆောင်ရွက်ပေးခြင်း၊

(ဇ) နိုင်ငံတော်၏ နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒကို အကောင်အထည်ဖော်ခြင်းနှင့် အစိုးရ၏ကိုယ်စားလှယ်အဖြစ် နိုင်ငံခြားသုံးငွေ အပေးအယူ ပြုလုပ်မှုများကို ထိန်းချုပ်ခြင်း၊

(ဈ) နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်ငွေကို စီမံခန့်ခွဲခြင်းနှင့် ပြည်တွင်းနေထိုင်သူများ၏ အပြည်ပြည်ဆိုင်ရာ အပေးအယူ ပြုလုပ်မှုများကို ပံ့မှန်ပေးချေခွင့် ပြုနိုင်မည်ဖြစ်သော တည်ငြိမ်၍ ကောင်းမွန်သည့် နိုင်ငံခြားငွေပေးငွေယူစာရင်း အခြေအနေတစ်ရပ်ရရှိစေရန် လိုအပ်သောနည်းလမ်းများကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ည) ဘဏ်လုပ်ငန်း၊ ချေးငွေနှင့် ငွေကြေးနယ်ပယ်၌ နိုင်ငံတကာ အစိုးရ အဖွဲ့အစည်းများတွင် နိုင်ငံတော်၏ ပါဝင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော အပေးအယူ ပြုလုပ်မှုများကို ဆောင်ရွက်ခြင်းနှင့် တာဝန်ဝတ္တရားအားလုံးကို အစိုးရအမည်ဖြင့် တာဝန်ခံဆောင်ရွက်ခြင်း၊ အစိုးရကိုယ်စား အဆိုပါအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

တို့ ဖြစ်ပါတယ်။

အဲဒီလုပ်ငန်းတာဝန်တွေကို စိစစ်လေ့လာမယ်ဆိုရင် နိုင်ငံတော်အနေနဲ့ ဗဟိုဘဏ်ကတစ်ဆင့် ငွေစက္ကူများ၊ ဒါမှမဟုတ် ဒင်္ဂါးများဖြစ်တဲ့ ပြည်တွင်းသုံးစွဲငွေကို တစ်ဦးတည်းထုတ်ဝေသူအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရရဲ့ငွေစာရင်းများကို ထိန်းသိမ်းပေးခြင်းအားဖြင့် အစိုးရရဲ့ဘဏ်အဖြစ် ဆောင်ရွက်လျက်ရှိတဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ငွေရေးကြေးရေး အဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲပေးခြင်း၊ နိုင်ငံတော်ရဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒကို အကောင်အထည်ဖော်ခြင်းနှင့် နိုင်ငံတော်အစိုးရရဲ့ ကိုယ်စားလှယ်အဖြစ် နိုင်ငံခြားသုံးငွေ အပေးအယူပြုလုပ်မှုများကို ထိန်းချုပ်ပေးရပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ တိုက်ရိုက်ဆက်သွယ်ပြီး လိုအပ်သည်များကိုလည်း ဆောင်ရွက်ရပါတယ်။ နိုင်ငံတော်ရဲ့ ကိုယ်စား အစိုးရငွေချေးသက်သေခံလက်မှတ်များကိုလည်း ဗဟိုဘဏ်က ထုတ်ဝေရောင်းချလျက်ရှိပါတယ်။

အခုကျွန်တော်ဖော်ပြခဲ့တဲ့ ကိစ္စရပ်တွေဟာဆိုရင် လွတ်လပ်ရေးရပြီးတဲ့အခါကစပြီး ဗဟိုအဆင့်ကသာ ဆောင်ရွက်ရတဲ့ ကိစ္စရပ်များ ဖြစ်ပါတယ်။ ဒါကြောင့် “(၁) ငွေစက္ကူ ထုတ်လုပ်ရေး၊ ဒင်္ဂါးသွန်းလုပ်ရေး၊ (၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ (၃) နိုင်ငံခြားသုံးငွေ ထိန်းသိမ်းကြီးကြပ်ရေးနဲ့ (၄)အရင်းအနှီးနှင့် ငွေကြေးဈေးကွက်” ဆိုင်ရာ ဥပဒေများပြုဖို့လိုအပ်လာရင် ဥပဒေများပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အာမခံအခြေခံသဘောတရားအရ တူညီသောအန္တရာယ် (Homogeneous Risks) အမြောက်အမြားအာမခံထားရှိဖို့ လိုအပ်လာတဲ့အတွက် လူနေအလွန်စိပ်တဲ့ဒေသများ၊ စက်ရုံ၊ အလုပ်ရုံ ပေါများတဲ့ဒေသများမှာ အာမခံအဖွဲ့အစည်းများကို ထူထောင်ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ အာမခံလုပ်ငန်းအမျိုးအစားကို ခွဲခြားတင်ပြရမယ်ဆိုရင်–

၁။ အသက်အာမခံ၊
၂။ သူတစ်ပါးထိခိုက်မှုအာမခံ၊
၃။ အထွေထွေနစ်နာဆုံးရှုံးမှုပေးလျော်ရန် အာမခံ၊
၄။ မီးအာမခံ၊
၅။ ရေကြောင်းကုန်ပစ္စည်းအာမခံ၊
၆။ ရေကြောင်းကိုယ်ထည်အာမခံ၊
၇။ လေကြောင်းအာမခံ၊
၈။ အင်ဂျင်နီယာအာမခံ၊
၉။ အလုံးစုံမော်တော်ယာဉ်အာမခံ၊
၁၀။ ရေနံနှင့် သဘာဝဓာတ်ငွေ့ အာမခံ၊
၁၁။ ငွေပို့ငွေသယ်အာမခံ၊
၁၂။ ငွေသားလုံခြုံမှုအာမခံ၊
၁၃။ သမာဓိအာမခံ၊
၁၄။ ခရီးသွားအာမခံ၊
၁၅။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊
၁၆။ တစ်ဆင့် အာမခံလုပ်ငန်း

စသည်တို့ ဖြစ်ကြပါတယ်။

အဲဒီအာမခံလုပ်ငန်းတွေဟာဆိုရင် အချို့နိုင်ငံတွေမှာ နိုင်ငံတော်က ဆောင်ရွက်သင့်တဲ့ အာမခံလုပ်ငန်းတွေကို ဆောင်ရွက်ကြပြီး အချို့ကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဆောင်ရွက်ခွင့်ပြုကြပါတယ်။ ဒီအာမခံလုပ်ငန်းတွေကို အစိုးရအဖွဲ့အစည်းကဖြစ်စေ၊ ပုဂ္ဂလိကပိုင်အဖွဲ့အစည်းကဖြစ်စေ နိုင်ငံတော်ရဲ့မူဝါဒနဲ့အညီ ဆောင်ရွက်တဲ့အခါမှာ တစ်နိုင်ငံလုံးတစ်ပြေးညီဖြစ်စေဖို့နဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ဆက်သွယ်ဆောင်ရွက်ရာမှာလည်း နိုင်ငံတကာလိုက်နာကျင့်သုံးလျက်ရှိတဲ့ ကျင့်စဉ်များနဲ့အညီဖြစ်စေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် “အာမခံလုပ်ငန်း”ဆိုင်ရာ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခွန်ကောက်ခံခြင်းလုပ်ငန်းများဟာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးစတဲ့အခြေခံမှုများအပေါ်မှာ ထင်ဟပ်လျက်ရှိပါတယ်။ အခွန်တော်များနဲ့ စပ်လျဉ်းတဲ့ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရာမှာ–

(၁) အခွန်စည်းကြပ်သူနှင့် အခွန်ထမ်းဆောင်သူများအကြား လုပ်ငန်းသဘောသဘာဝများသည် မြင်သာထင်သာရှိမှု၊
(၂) နားလည်ရန် ရှင်းလင်းလွယ်ကူမှု၊
(၃) အခွန်အကောက်လုပ်ငန်းကို အကောင်အထည်ဖော်ရေးတွင် စရိတ်စက သက်သာမှု၊ကျင့်သုံးရန်လွယ်ကူမှု၊
(၄) ညီညွတ်မျှတမှု၊
(၅) အခွန်တိမ်းရှောင်ရန် နည်းလမ်းနည်းပါးစေမှု၊
(၆) အမျိုးသားစီးပွားရေးကို အထောက်အကူပြုစေမှု

စတဲ့ အခြေခံအချက်များကို ထည့်သွင်းသုံးသပ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် အခွန်ကောက်ခံမှုစနစ်တစ်ခုဟာ အခွန်ထမ်းပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ ညီညွတ်မျှတစေပြီး နိုင်ငံတော်စီးပွားရေးကိုလည်း အထောက်အကူပြုရေးအတွက် အလေးထားရမယ့်အချက်ဖြစ်ပါတယ်။ *စာမျက်နှာ ၁၃ ကော်လံ ၁*

စာမျက်နှာ ၁၂မှ

ဒါ့အပြင် အကောက်ခွန်လုပ်ငန်းများဆိုရင်လည်း ပြည်ပကုန်သွယ်မှုလုပ်ငန်းများနဲ့ ဆက်စပ်နေတဲ့အတွက် အခွန်အကောက်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများကို ထင်ဟပ်ဖော်ဆောင်ရာမှာသာမက နိုင်ငံတကာ၊ ဒေသဆိုင်ရာ ကုန်သွယ်မှုအလေ့အထ၊ ကျင့်သုံးမှုသဘောသဘာဝများကိုလည်း လေးစားလိုက်နာဖော်ဆောင်ကြရပါတယ်။

ဒါကြောင့် အခွန်အကောက်များနဲ့စပ်လျဉ်းပြီး တစ်နိုင်ငံလုံးတစ်ပြေးညီဖြစ်စေရေးအတွက် နိုင်ငံတကာဒေသဆိုင်ရာ ကုန်သွယ်မှုအလေ့အထ၊ ကျင့်သုံးမှုသဘောသဘာဝများကိုလည်း လေးစားလိုက်နာဖော်ဆောင်ဖို့ လိုအပ်တဲ့အတွက် အခွန်အကောက်ဆိုင်ရာ ဥပဒေပြုခွင့်အာဏာ ခွဲဝေပေးရေးနှင့် စပ်လျဉ်းပြီး အလေးအနက်ထား စဉ်းစားကြရမှာဖြစ်ပါတယ်။ အခွန်အကောက်ဆိုင်ရာ (၁)ဝင်ငွေခွန်၊ (၂)ကုန်သွယ်လုပ်ငန်းခွန်၊ (၃)တံဆိပ်ခေါင်းခွန်၊ (၄)အကောက်ခွန်၊ (၅)အောင်ဘာလေထီများနဲ့ သက်ဆိုင်တဲ့ ဥပဒေပြုခွင့် အာဏာများကို ကျွန်တော်တို့နိုင်ငံမှာ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းကသာ ကျင့်သုံးခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် "ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အကောက်ခွန်၊ အောင်ဘာလေထီ"များဆိုင်ရာ ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်စောစောကတင်ပြခဲ့တဲ့ အခွန်တော်တွေနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဥပဒေများနဲ့အညီ စည်းကြပ်ကောက်ခံတဲ့အခါ ကျေနပ်တဲ့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ကချမှတ်လိုက်တဲ့ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါ အားသာချက်များရှိမှာ ဖြစ်သလို အားနည်းချက်များလည်း ရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီအားသာချက်နဲ့အားနည်းချက်များကို ကြိုတင်လေ့လာခန့်မှန်းနိုင်ဖို့ နိုင်ငံတော်ရဲ့စီးပွားရေး၊ လူမှုရေးစတာတွေနဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့စာရင်းအင်းများကို ကောက်ယူစုစည်းတွက်ချက် ထုတ်ပြန်ပေးမှသာလျှင် လိုအပ်သလိုပြုပြင်ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ အဲဒီလိုကဏ္ဍအသီးသီးအတွက် လိုအပ်တဲ့ စာရင်းအင်းများစုစည်းရာမှာ သက်ဆိုင်ရာဌာနများရဲ့ စီမံခန့်ခွဲမှုဆိုင်ရာမှတ်တမ်းများမှ ရယူစုစည်းခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက် ကောက်ယူစုစည်းခြင်းနဲ့သီးခြားကွင်းဆင်းပြီး စစ်တမ်းကောက်ယူခြင်း စတဲ့နည်းလမ်းများဖြင့် ဆောင်ရွက်ကြရပါတယ်။ အဲဒီနောက် ကွန်ပျူတာများအသုံးပြုပြီး အချက်အလက်များထည့်သွင်းခြင်း၊ တွက်ချက်ခြင်း၊ အစီရင်ခံစာနှင့် စာရင်းအင်းစာစောင်များထုတ်ဝေခြင်းတို့ကို ဆောင်ရွက်ရပါတယ်။ ခေတ်ကာလအလိုက် လိုအပ်လာတဲ့ စာရင်းအင်းများဖြစ်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာစာရင်းအင်းများ၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးနဲ့ ပထဝီအချက်အလက်များပါ စုစည်းဖော်ပြတဲ့ (Geographical Information System)နဲ့ အကျုံးဝင်တဲ့ စာရင်းအင်းများကိုလည်း လေ့လာဆောင်ရွက်ကြရပါတယ်။ ဒါ့ပြင် ကွန်ပျူတာမှတစ်ဆင့် အစိုးရဌာနအချင်းချင်း စာရင်းအင်းနှင့်မှတ်တမ်းများပေးပို့ခြင်း၊ ရယူခြင်း၊ ဒေသဆိုင်ရာ စာရင်းအင်းအချက်အလက်များ(Regional Statistical Database) စုစည်းထားရှိပြီး လိုအပ်သလို

(၁) ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်း၊
(၂) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊
(၃) ငွေစက္ကူထုတ်လုပ်ရေး၊ ဒင်္ဂါးသွန်းလုပ်ရေး၊
(၄) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊
(၅) နိုင်ငံခြားသုံးငွေထိန်းသိမ်းကြီးကြပ်ရေး၊
(၆) အရင်းအနှီးနှင့် ငွေကြေးဈေးကွက်၊
(၇) အာမခံလုပ်ငန်း၊
(၈) ဝင်ငွေခွန်၊
(၉) ကုန်သွယ်လုပ်ငန်းခွန်၊
(၁၀) တံဆိပ်ခေါင်းခွန်၊
(၁၁) အကောက်ခွန်၊
(၁၂) အောင်ဘာလေထီ၊
(၁၃) အခွန်အယူခံခြင်း၊
(၁၄) ပြည်ထောင်စု၏ ဝန်ဆောင်မှုလုပ်ငန်းများ၊
(၁၅) ပြည်ထောင်စုပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊
(၁၆) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများထုတ်ချေးခြင်း၊
(၁၇) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများ ရင်းနှီးမြှုပ်နှံခြင်း၊
(၁၈) ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊
(၁၉) ပြည်ထောင်စုအတွက် ပစ္စည်းရယူခြင်း၊
(၂၀) ပြည်ပမှ ငွေကြေးအကူအညီနှင့်အထောက်အပံ့၊
(၂၁) အမျိုးသားစီမံကိန်း၊

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလျက်ရှိ တည်ငြိမ်သည့်စီးပွားရေးပတ်ဝန်းကျင်ဖန်တီးနိုင်မည့် ဥပဒေ၊ စည်းကမ်းပြဋ္ဌာန်းပေး

ပြည်သူများရှိသလို မကျေနပ်တဲ့ ပြည်သူများလည်း ရှိနိုင်မှာဖြစ်ပါတယ်။ မကျေနပ်တဲ့ပြည်သူများဟာ မိမိတို့ရဲ့ မကျေနပ်ချက်များကို တင်ပြအယူခံနိုင်ဖို့ အခွန်အယူခံရုံး ရှိသင့်ပါတယ်။ အဲဒီ အခွန်အယူခံရုံးဟာလည်း ပြည်ထောင်စုတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့အတွက် ပြည်ထောင်စုအဆင့်မှာသာ ရှိသင့်ပါတယ်။ အခွန်အယူခံရုံး တည်ထောင်ပေးခြင်းအားဖြင့် သက်ဆိုင်ရာပြည်သူများဟာ အခွန်အယူခံရုံးရဲ့ ဆုံးဖြတ်ချက်နဲ့အညီ လိုအပ်တာတွေကို ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ အခွန်အယူခံရုံးကလည်း ဥပဒေနဲ့အညီ ဆုံးဖြတ်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် "အခွန်အယူခံခြင်း"နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေ ပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ထောင်စုရဲ့ ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်ထောင်စုပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများ ထုတ်ချေးခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများ ရင်းနှီးမြှုပ်နှံခြင်း၊ ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊ ပြည်ထောင်စုအတွက် ပစ္စည်းရယူခြင်း၊ ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့စတဲ့အကြောင်းအရာတွေကို ဆောင်ရွက်တဲ့အခါ တစ်နိုင်ငံလုံးတစ်ပြေးညီဖြစ်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် "(၁)ပြည်ထောင်စု၏ဝန်ဆောင်မှုလုပ်ငန်းများ၊ (၂)ပြည်ထောင်စုပိုင်ပစ္စည်းများရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊ (၃) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများထုတ်ချေးခြင်း၊ (၄)ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများ ရင်းနှီးမြှုပ်နှံခြင်း၊ (၅)ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊ (၆) ပြည်ထောင်စုအတွက် ပစ္စည်းရယူခြင်း၊ (၇) ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့"တို့နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်းလေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတကာအတွေ့အကြုံများအရ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတဲ့နိုင်ငံတွေမှာ မိမိတို့ချမှတ်ထားတဲ့မူဝါဒနဲ့ ဦးတည်ချက်များ အောင်မြင်ရေးအတွက် ဖွံ့ဖြိုးမှုစီမံကိန်းများကို စနစ်တကျ အဆက်အစပ်ရှိရှိရေးဆွဲပြီး စီမံခန့်ခွဲ အကောင်အထည်ဖော် ဆောင်ရွက်လေ့ရှိကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ခေတ်မီ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ရေတိုရေရှည် အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်း(National Development Plan)များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။

အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲရာမှာ တစ်နိုင်ငံလုံးအတွက် လွှမ်းခြုံရေးဆွဲထားတဲ့ အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း (Comprehensive National Development Plan)နဲ့ ဒေသဆိုင်ရာစီမံကိန်း (Regional Plan)များ ပါရှိရမှာဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်ရဲ့မူဝါဒနဲ့ ရည်ရွယ်ချက်များ အောင်မြင်ရေးကို ဦးတည်တဲ့စီမံကိန်းများ ရေးဆွဲရာမှာ စီမံကိန်းရဲ့မူဝါဒနဲ့ ရည်ရွယ်ချက်များ၊ မဟာဗျူဟာနဲ့နည်းဗျူဟာများကို ချမှတ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို "အမျိုးသားစီမံကိန်းများ" ရေးဆွဲရာမှာ မူဝါဒများနှင့် စပ်လျဉ်းပြီး လမ်းညွှန်နိုင်ရေးအတွက် ဥပဒေပြုဖို့ ထုတ်ယူအသုံးပြုခြင်း လုပ်ငန်းတို့ကိုလည်းဆောင်ရွက်ဖို့ ရှိလာမှာဖြစ်ပါတယ်။ အဲဒီလို "စာရင်းစစ်တမ်းကောက်ယူခြင်း"နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

မြန်မာနိုင်ငံရဲ့သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များနဲ့စပ်လျဉ်းတဲ့အထောက်အထားများနဲ့ အချက်အလက်များဟာဆိုရင် နိုင်ငံတော်အတွက် အထူးအရေးကြီးပါတယ်။ အဲဒီလို အရေးကြီးတဲ့ အထောက်အထားများ၊ အချက်အလက်များပါရှိတဲ့မှတ်တမ်းများကို တစုတစည်းတည်း မပျက်မစီးလုံခြုံစွာထိန်းသိမ်းထားဖို့ လိုအပ်ပါတယ်။ အဲဒီမှတ်တမ်းတွေကို လုံခြုံစွာထိန်းသိမ်းရေးနဲ့မှတ်တမ်းများ ကြည့်ရှုလေ့လာရေး စတဲ့ကိစ္စရပ်တွေအတွက် နည်းလမ်းများကို လိုအပ်သလို သတ်မှတ်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် "အမျိုးသားမှတ်တမ်းနှင့်မော်ကွန်း"ဆိုင်ရာဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိတာကြောင့် ပြည်တွင်းပြည်ပမှ စီးပွားရေးအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကများဟာ အနည်းနဲ့အများ ရင်းနှီးမြှုပ်နှံလျက် ရှိကြပါတယ်။ အဲဒီလို ရင်းနှီးမြှုပ်နှံကြတဲ့အခါ ဥပဒေနဲ့အညီဖြစ်စေဖို့ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနဲ့စပ်လျဉ်းတဲ့ ဥပဒေများပြဋ္ဌာန်းပေးခြင်း၊ လုပ်ငန်းများ၊ ကန်ထရိုက်များနဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းပေးခြင်း၊ အလုပ်သမားများနဲ့ ပတ်သက်တဲ့ တာဝန်များ၊ စည်းကမ်းများချမှတ်ပေးခြင်း၊ တည်ငြိမ်တဲ့ စီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မယ့် ဥပဒေများနဲ့ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းပေးခြင်းတို့ လိုအပ်မှာဖြစ်ပါတယ်။

ပြဋ္ဌာန်းပေးထားတဲ့ ဥပဒေများကိုလည်း အချိန်အခါနဲ့အခြေအနေပြောင်းလဲမှုအပေါ်မူတည်ပြီး ပြန်လည်သုံးသပ်ကာ ပြင်ဆင်သင့်တာတွေကို ပြင်ဆင်ကြရမှာဖြစ်ပါတယ်။ အဲဒီဥပဒေတွေဟာဆိုရင် နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီကျင့်သုံးသင့်တဲ့ဥပဒေများဖြစ်တဲ့အတွက် နောင်တွင်လည်း "ရင်းနှီးမြှုပ်နှံမှု"နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ရှိလာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ဌာနဆိုင်ရာစာရင်းများစစ်ဆေးခြင်း၊ လုပ်ငန်းများစစ်ဆေးခြင်း၊ ဒေသန္တရအဖွဲ့အစည်းဆိုင်ရာစာရင်းများစစ်ဆေးခြင်းစတဲ့ ကိစ္စရပ်တွေအတွက် ဆောင်ရွက်ရမယ့် နည်းလမ်းများနဲ့ စပ်လျဉ်းတဲ့ ဥပဒေတွေကို ပြဋ္ဌာန်းပေးထားပါမှ သက်ဆိုင်ရာအဖွဲ့အစည်းတွေက ဥပဒေနဲ့အညီစာရင်းများကိုစစ်ဆေးပြီး တွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တင်ပြနိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် "စာရင်းစစ်ဆေးခြင်း"နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခု ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ ဘဏ္ဍာရေးနဲ့စီမံကိန်းကဏ္ဍမှာ အကျုံးဝင်တဲ့ကိစ္စရပ်တွေကို စုစည်းတင်ပြရမယ်ဆိုရင်–

(၂၂) စာရင်းစစ်တမ်းကောက်ယူခြင်း၊
(၂၃) အမျိုးသားမှတ်တမ်းနှင့်မော်ကွန်း၊
(၂၄) ရင်းနှီးမြှုပ်နှံမှုနဲ့
(၂၅) စာရင်းစစ်ဆေးခြင်း

တို့ဖြစ်ပါတယ်။

ဖော်ပြပါကိစ္စရပ်တွေကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့် မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြဖို့ ရှင်းလင်းတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအား ဘဏ္ဍာရေးနဲ့ စီမံကိန်းဆိုင်ရာ ဥပဒေပြုခွင့်နဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ ပြည်ထောင်စု အရအသုံး ခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ကိစ္စနဲ့စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ပါကြောင်း ကျွန်တော် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံး ခန့်မှန်းခြေငွေစာရင်း"များနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်ရင်တော့ ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်းလေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ဖွင့်လှစ်ထားရှိရေးနှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (Union Fund)ထားရှိသလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ (Regional or State Fund) ဖွင့်လှစ်ထားရှိသင့်ပါတယ်။ ထိုသို့ဖွင့်လှစ်ထားရှိမှသာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ ရငွေသုံးငွေများအတွက် လိုအပ်သလို ထည့်သွင်းခြင်း၊ ဖြည့်စွက်ခြင်း၊ သုံးစွဲခြင်းတို့ကို ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ အဲဒီလို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ" များထားရှိခြင်းနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံတော်ဖြစ်တဲ့အလျောက် စိုက်ပျိုးရေးလုပ်ငန်းများနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ တောင်သူလယ်သမားများဟာ နိုင်ငံတော်လူဦးရေရဲ့ ၈၀ရာခိုင်နှုန်းခန့် ရှိမယ်လို့ ခန့်မှန်းရပါတယ်။ အဲဒီတောင်သူလယ်သမားများ လုပ်ကိုင်စားသောက်နေတဲ့ မြေယာများအတွက် မြေယာခွန်များကို တောင်သူလယ်သမားများက နိုင်ငံတော်သို့ နှစ်စဉ်ပေးဆောင်ကြရပါတယ်။ မြေယာများဟာဆိုရင်လည်း အမျိုးအစားကွဲပြားမှုရှိတာကို ညီလာခံကိုယ်စားလှယ်ကြီးများ သိရှိကြပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်လည်း မြေအမျိုးအစားများ ကွဲပြားမှုရှိတဲ့အလျောက် မိမိတို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သင့်တော်မယ့် မြေခွန်တော်များကို စည်းကြပ်ကောက်ခံခြင်းအားဖြင့် ဒေသနဲ့ လိုက်လျောညီထွေရှိမယ့် မြေခွန်များကို စည်းကြပ်ကောက်ခံနိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိတဲ့ "မြေယာခွန်"နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ *စာမျက်နှာ ၁၄ ကော်လံ ၁*

စာမျက်နှာ ၁၃ မှ

သဘာပတိကြီးခင်ဗျား–

ယစ်မျိုးခွန်နဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြသွားပါမယ်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာယစ်မျိုးခွန်နဲ့စပ်လျဉ်းပြီးပြည်နယ်အတွင်းတွင်လုပ်ကိုင်သော သို့တည်းမဟုတ် ထွက်သောအောက်ဖော်ပြပါကုန်ပစ္စည်းများအပေါ်တွင် စည်းကြပ်သော နိုင်ငံဖြစ်ပစ္စည်းအကောက်အခွန်များနှင့် ပြည်ထောင်စုနိုင်ငံအတွင်းရှိ အခြားဒေသများတွင်လုပ်ကိုင်သော သို့တည်းမဟုတ် ထွက်သောအလားတူကုန်ပစ္စည်းများအပေါ်တွင် စည်းကြပ်သည့် နှိုင်းညှိအကောက်အခွန်များဟာ–

- (က) သောက်သုံးသော သေရည်သေရက်၊
- (ခ) ဘိန်း၊
- (ဂ) ဆေးခြောက်၊ မူးယစ်ထုံထိုင်းစေတတ်သောဆေးများ၊ မမူးမယစ် မထုံမထိုင်းစေတတ်သော ဆေးများ၊
- (ဃ) အရက်ပျံပါသော သို့တည်းမဟုတ် အထက်ပါ (ခ) နဲ့ (ဂ)တို့မှာ ဖော်ပြထားသော အရာဝတ္ထုများပါဝင်သည့် ဆေးများနှင့် လှသန့်ကုန်များ

ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

သဘာပတိကြီးခင်ဗျား–

မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဟာ ပြည်သူတွေရဲ့ဘဝကိုအညွန့်တုံးစေတဲ့အတွက် နိုင်ငံတော်ဟာ မိမိတို့နိုင်ငံမှာ ဘိန်းအပါအဝင်မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းမပြုနိုင်စေဖို့ဥပဒေနဲ့အညီတင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာလွှတ်တော်တွေဟာ ယစ်မျိုးဆိုင်ရာပစ္စည်းများအနက် နိုင်ငံတော်ကကောက်ခံခွင့်ပြုထားသော ယစ်မျိုးဆိုင်ရာပစ္စည်းများအတွက်သာ အခွန်များကောက်ခံရေးအတွက် ဥပဒေပြဋ္ဌာန်းကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ယစ်မျိုးဆိုင်ရာပစ္စည်းများအပေါ် ကောက်ခံတဲ့အခွန်များကို"ယစ်မျိုးခွန်"လို့သုံးနှုန်းပါက အဓိပ္ပာယ်ခြုံငုံနိုင်မှာဖြစ်တဲ့အတွက် ယစ်မျိုးခွန်လို့သုံးနှုန်းသွားမှာဖြစ်ပါတယ်။

အခုအခါ ယစ်မျိုးခွန်များကို ဥပဒေများနဲ့အညီ ဌာနဆိုင်ရာများက ကောက်ခံလျက်ရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာတဲ့အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ ရှိလာမှာဖြစ်တဲ့အတွက် ယစ်မျိုးခွန်နဲ့စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ဥပဒေပြဋ္ဌာန်းပေးပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက စည်းကြပ်ကောက်ခံခြင်းအားဖြင့် လုပ်ငန်းများလျင်မြန်သွက်လက်မှု ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် "ယစ်မျိုးခွန်" (မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတက်သည့်ဆေးဝါးများမပါ) ဆိုင်ရာကိစ္စများကို ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အဆောက်အအုံနှင့်မြေခွန်၊ ရေခွန်၊ လမ်း မီးခွန်၊ ဘီးခွန်စသည့် စည်ပင်သာယာရေးဆိုင်ရာအခွန်အခများအတွက် ဥပဒေပြုခွင့်အာဏာများနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ အခုအခါစည်ပင်သာယာရေးလုပ်ငန်းအများအပြားကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနရဲ့ကြီးကြပ်မှုနဲ့ စည်ပင်သာယာရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာတစ်နေ့တခြား လူဦးရေတိုးတက်များပြားလာတာနဲ့အမျှ မြို့ပေါ်နေလူဦးရေရော ကျေးရွာနေ လူဦးရေပါတိုးတက်များပြားလာတာကိုတွေ့ရပါတယ်။ အဲဒီလို တိုးတက်များပြားလာတဲ့ ပြည်သူများရဲ့လူနေမှုအဆင့်အတန်းမြင့်မားလာအောင် အဘက်ဘက်က စည်းကမ်းတကျ ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ မြို့နေလူဦးရေ တိုးတက်များပြားလာတာနဲ့အမျှတိုးတက်ဆောက်လုပ်ကြရမယ့် အဆောက်အအုံများကို စည်းကမ်းတကျဆောက်လုပ်စေရေး၊ ရေ၊ မီးစသည်များ ပြည့်စုံလုံလောက်အောင်ဆောင်ရွက်ပေးရေးစသည်တို့ကို လိုက်လျောညီထွေရှိအောင်ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ တစ်ဖန် တိုးတက်များပြားလာတဲ့ ကျေးရွာနေပြည်သူများရဲ့ စီးပွားရေးနဲ့လူမှုရေးအဆင့်အတန်းများ တိုးတက်ဖွံ့ဖြိုးလာစေဖို့ ဆောင်ရွက်ပေးရာမှာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူမှုဟာလည်းအဓိကကျပါတယ်။ မြို့နဲ့ကျေးရွာများ ဆက်သွယ်မှုလွယ်ကူပါမှ ကျေးရွာနေပြည်သူတို့ရဲ့ စီးပွားရေး၊ လူမှုရေး စသည်တို့လည်း တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ မိမိတို့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်းရှိ ပြည်သူများရဲ့လူနေမှုအဆင့်အတန်း မြင့်မားလာအောင် သက်ဆိုင်ရာဒေသရဲ့ အခြေအနေနဲ့ကိုက်ညီမယ့် အခြေခံအဆောက်အအုံများ (Infrastructure)ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ အစိုးရဌာနအနေနဲ့ ဆောင်ရွက်သင့်တဲ့လုပ်ငန်းများရှိမှာဖြစ်သလို ပုဂ္ဂလိကများကို အခွန်အကောက်များပေးဆောင်စေပြီး လုပ်ငန်းများ လုပ်ကိုင်ခွင့် ပြုခြင်းများလည်း ရှိနိုင်ပါတယ်။ စည်ပင်သာယာရေးလုပ်ငန်းတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေက အနီးကပ် ကြီးကြပ်ပေးခြင်းအားဖြင့် ပိုမိုအောင်မြင်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် "အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊လမ်းမီးခွန်၊ ဘီးခွန်စသည့် စည်ပင်သာယာရေးဆိုင်ရာအခွန်အခများ"နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ ဝန်ဆောင်မှုလုပ်ငန်းများ ရှိနိုင်မှာဖြစ်ပါတယ်။ လက်ရှိဝန်ဆောင်မှု လုပ်ငန်းများနဲ့စပ်လျဉ်းပြီးလည်းကောင်း၊ ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းလာမယ့် ဝန်ဆောင်မှုလုပ်ငန်းအသစ်များနဲ့စပ်လျဉ်းပြီးလည်းကောင်း ဥပဒေပြုဖို့ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ"နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်ပေါ်ပေါက်လာတဲ့အခါ ပြည်ထောင်စုပိုင်ပစ္စည်းများရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများလည်း ရှိမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင် ပစ္စည်းများကို အသုံးမလိုတော့၍ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းတို့ကို အချိန်အခါနဲ့အခြေအနေအရ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီလို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများကို ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း"ပြုတဲ့အခါ ထိန်းကျောင်းပေးနိုင်ရေးအတွက် ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့စပ်လျဉ်းတဲ့ ဘဏ္ဍာရန်ပုံငွေ ဆိုင်ရာ ဥပဒေပြုခွင့်အာဏာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသို့ ခွဲဝေအပ်နှင်းသင့်ကြောင်း ကျွန်တော် စောစောကတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေထဲက မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးစေရေးအတွက် ဘဏ္ဍာငွေများထုတ်ချေးဖို့လိုအပ်လာရင် ထုတ်ချေးနိုင်ဖို့ လိုအပ်တဲ့ဥပဒေတွေကိုပြဋ္ဌာန်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ တိုးတက်များပြားလာတဲ့အခါ ပြည်တွင်းမှာသင့်တော်သလို ရင်းနှီးမြှုပ်နှံပြီး အဲဒီကရတဲ့အကျိုးအမြတ်တွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများထဲသို့ ထည့်သွင်းသုံးစွဲခြင်းအားဖြင့် သက်ဆိုင်ရာပြည်သူများဟာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးခံစားခွင့်ရကြမှာဖြစ်ပါတယ်။ အဲဒီလိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ပြည်တွင်းမှာရင်းနှီးမြှုပ်နှံတဲ့အခါ ဥပဒေပြဋ္ဌာန်းပြီး ထိန်းကျောင်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ထုတ်ချေးခြင်း"နဲ့ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ရင်းနှီးမြှုပ်နှံခြင်း" ဆိုင်ရာကိစ္စများအတွက် ဥပဒေပြုနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့အတွက် ပြည်ထောင်စုတစ်ဝန်းလုံးနဲ့ သက်ဆိုင်တဲ့ စီမံကိန်းများရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်နိုင်မယ့် ဒေသန္တရစီမံကိန်းများလည်း ရှိမှာဖြစ်ပါတယ်။ အဲဒီလို ဒေသန္တရစီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေကို တင်ပြကြတဲ့အခါ အဲဒီ "ဒေသန္တရစီမံကိန်း"များနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်း ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခုအခါ အသေးစားငွေချေးလုပ်ငန်းများကို မြန်မာ့အသေးစားချေးငွေလုပ်ငန်းမှ ပြည်နယ်နဲ့ တိုင်း(၁၃)ခုမှာ ရုံးခွဲပေါင်း(၁၈၁)ခုဖွင့်လှစ်ပြီး ဆောင်ရွက်နေတာ တွေ့ရပါတယ်။

အသေးစားငွေချေးလုပ်ငန်းဟာ မြို့ပေါ်များမှာသာမက အချို့ကျေးရွာကြီးများအထိ ဖွင့်လှစ်နိုင်မှသာ ငွေကြေးလိုအပ်တဲ့ ပြည်သူအချို့ဟာ သက်ဆိုင်ရာ အသေးစားငွေချေးလုပ်ငန်းများနဲ့ ဆက်သွယ်ပြီး မိမိတို့ရဲ့ ငွေးရေးကြေးရေးအခက်အခဲကို ဖြေရှင်းနိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီအသေးစာငွေချေးလုပ်ငန်းများကို အခုအခါ ဌာနဆိုင်ရာက ဦးစီးလုပ်ကိုင်လျက်ရှိသော်လည်း နောင်တွင် မိမိတို့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ အခြေအနေအရ အသေးစားငွေချေးလုပ်ငန်းများကို တင်ဒါစနစ် သို့မဟုတ် လေလံစနစ်ဖြင့် ပုဂ္ဂလိကများကို ရောင်းချလုပ်ကိုင်ခွင့်ပြုသင့်ပါက ပြုနိုင်ရေးအတွက် အသေးစားငွေချေးလုပ်ငန်းဆိုင်ရာ ဥပဒေများပြဋ္ဌာန်းပေးဖို့ လိုအပ်ရင် ပြဋ္ဌာန်းပေးဖို့ရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် "အသေးစားငွေချေးလုပ်ငန်း" ဆိုင်ရာကိစ္စများအတွက် ဥပဒေပြုနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သဘာပတိကြီးခင်ဗျား–

အခု ကျွန်တော် ရှင်းလင်းတင်ပြခဲ့တာတွေဟာဆိုရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ ဘဏ္ဍာရေးနဲ့ စီမံကိန်းကဏ္ဍမှာ အကျုံးဝင်တဲ့ကိစ္စရပ်များဖြစ်ပါတယ်။ အဲဒီကိစ္စတွေကို စုစည်းတင်ပြရမယ်ဆိုရင်–

- (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံး ခန့်မှန်းခြေငွေစာရင်း၊
- (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊
- (၃) မြေယာခွန်၊
- (၄) ယစ်မျိုးခွန်(မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ် သည့်ဆေးဝါးများမပါ)၊
- (၅) အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ၊
- (၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ၊
- (၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း၊
- (၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ထုတ်ချေးခြင်း၊
- (၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း၊
- (၁၀) ဒေသန္တရစီမံကိန်းနဲ့
- (၁၁) အသေးစားငွေချေးလုပ်ငန်း

တို့ဖြစ်ပါတယ်။

ဖော်ပြပါကိစ္စရပ်တွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့် မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြဖို့ ရှင်းလင်းတင်ပြအပ်ပါသည်။ ။ **(သတင်းစဉ်)**

ရန်ကုန်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၁၈

ရန်ကုန်ဂေါက်ကွင်း(ဒညင်းကုန်း)တွင် ဦးမြိုင်နီ(ရန်ကုန်ပဲဆီသန့်)သည် မေ ၁၆ ရက် နံနက် ၉း၁၅နာရီတွင် ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၄) ၁၆၀ကိုက်အကွာမှ Tour Special ဘောလုံးကို Ping Iron.4 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားခဲ့သည်။ ထိုအချိန်တွင် ကစားဖော်များအဖြစ် ဦးမင်းလွင်၊ ဦးကြည်ဝင်းနှင့် ဦးရွှေသီးတို့လည်း အတူကစားခဲ့ကြကြောင်း သိရသည်။

(က–ပ)



အာရှမော်တော်ဝပ် (စ်)
Asia Motor Works
Taxi
Fiat
Mark II
Austin
Mitsubishi Cordia 2Door(1C Engine)
Mitsubishi Galant (2C Engine)

- Assistant Manager (Male/Female) 3 Posts
- Accountant (Female) 3 Posts
- Receptionist (Female) 2 Posts
- Sales/Marketing (Male/Female) 5 Posts
- D.T.P & Graphic (Male/Female) 1 Post

Zawtika Thingan & General Trading

DECENT CompuTronics
(1) Office Application Course
(2) Hardware & System Administration Course
(3) Network Engineering Course
(4) e-commerence
(5) Web Page Design
5% Discount
E-mail & Internet

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲပြီးစီး

လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းပထမဆုဆွတ်ခူး

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၀ရက်မှစတင်၍ ကျင်းပခဲ့ရာ ၂၀၀၄ခုနှစ် မေ ၁၂ရက်တွင် ပြီးဆုံးသွားပြီဖြစ်သည်။ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ၁၆သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ တစ်သင်းလျှင် ၁၅ ပွဲစီ ကစားရပြီး ပွဲစဉ်ပေါင်း ၁၂၀တိတိ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပြီးဆုံးသွား ချိန်တွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကပင် အမှတ်အများဆုံးဖြင့် ဗိုလ်စွဲသွားပြီး စွမ်းအင်အသင်းက ဒုတိယ၊ စီးပွား/ကူးသန်းအသင်းက တတိယရရှိသည်။ လျှပ်စစ်စွမ်းအားအသင်းနှင့် သတ္တုတွင်းအသင်းတို့ ပထမတန်းသို့ ဆင်းသွားရပြီဖြစ်သည်။

မေ ၁၂ရက် ပွဲစဉ်များ ပြီးဆုံးသွားချိန်တွင် အဆင့်မြင့်တန်း အသင်းများ၏ အမှတ်ရရှိမှု အနေအထားကို ကြည့်ပါက ဘဏ္ဍာ/အခွန်အသင်းက အမှတ်၄၀၊ စွမ်းအင်အသင်းက ၃၆မှတ်၊ စီးပွား/ကူးသန်းအသင်းက ၃၄မှတ်၊ ကာကွယ်ရေး အသင်းက ၃၂မှတ်၊ မြို့တော်စည်ပင်အသင်းက ၂၉မှတ်၊ ပို့ဆောင်ရေးအသင်းက ၂၉မှတ်၊ ဆောက်လုပ်ရေးအသင်းက ၂၇မှတ်၊ သစ်တောရေးရာအသင်းက ၂၃မှတ်၊ ပြည်ထဲရေးအသင်းက ၁၉မှတ်၊ တပ်မတော်(ကြည်း)အသင်းက ၁၆မှတ်၊ တံခွန်အသင်းက ၁၅မှတ်၊ လယ်/ဆည်အသင်းက ၁၃မှတ်၊ ပတ္တမြားနဂါးအသင်းက ၁၁ မှတ်၊ မလိခအသင်း က ၁၁မှတ်၊ လျှပ်စစ်စွမ်းအားအသင်းက ၄မှတ်၊ သတ္တုတွင်းအသင်းက ၄မှတ် အသီးသီးရရှိခဲ့သည်။

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်ပေါင်း ၁၂၀ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိမှု ၇၇ဦးရှိသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆု လေးကြိမ်စီ ရရှိခဲ့ကြသူများမှာ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊ မြတ်မင်းဦး (ပို့ဆောင်ရေး)၊ အောင်ချမ်းမင်း (တပ်မတော်-ကြည်း)နှင့် မောင်မောင်အောင် (ကာကွယ်ရေး) တို့ ဖြစ်ကြသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆု သုံးကြိမ်စီရရှိခဲ့ကြသူများမှာ ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ကျော်မျိုးဟန်(စွမ်းအင်)၊ချစ်ကိုကို(ပြည်ထဲရေး)၊ငွေအောင် (ကာကွယ်ရေး)၊ အောင်ထွန်းနိုင်(သစ်တောရေးရာ)၊ အေးမင်းထွန်း(စွမ်းအင်)၊ မျိုးမင်းထွန်း(စီးပွား/ကူးသန်း)နှင့် ရန်နောင်စိုး (စွမ်းအင်)တို့ ဖြစ်ကြသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆု နှစ်ကြိမ်စီ ရရှိခဲ့ကြသူများမှာ အောင်ဇော်မျိုး (မြို့တော် စည်ပင်)၊ မောင်မောင်မြင့်(ပို့ဆောင်ရေး)၊အောင်မြင့်သိန်း(သစ်တော ရေးရာ)၊ မျိုးနိုင်(လယ်/ဆည်)၊ ဆန်းဒေးသိန်း(ဆောက်လုပ်ရေး)၊ ကျော်ဒွန်း (ပို့ဆောင်ရေး)၊ ဇော်ဇော်(မလိခ)၊ စန်းမောင်(ကာကွယ်ရေး)၊ကျော်သီဟ(တံခွန်)၊ နိုင်ဝင်း(စွမ်းအင်)၊မောင်မောင်ငွေ(မြို့တော်စည်ပင်)၊ထွေးမောင်(လယ်/ဆည်)နှင့် ဇော်လင်းထွန်း(စီးပွားကူးသန်း)တို့ ဖြစ်ကြသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆု တစ်ကြိမ်စီရရှိခဲ့ကြသူများမှာ ဇော်ဇော် (တပ်မတော်-ကြည်း)၊ ထွန်းစိုးနိုင်(စီးပွား/ကူးသန်း)၊ သက်နိုင်(ကာကွယ်ရေး)၊ ဟန်ဝင်းအောင်(တံခွန်)၊ စိုင်းလှအောင် (သစ်တောရေးရာ)၊ အေးမင်းထွန်း (ဘဏ္ဍာ/အခွန်)၊ မျိုးမင်းဆွေ(လယ်/ဆည်)၊ ထွန်းမင်းနိုင်(ကာကွယ်ရေး)၊ မိုးကျော်သူ(ဘဏ္ဍာ/အခွန်)၊ စိုးသိန်း(ဆောက်လုပ်ရေး)၊ သက်နိုင်ဦး (မြို့တော် စည်ပင်)၊ ကိုကိုနိုင်(သတ္တုတွင်း)၊ ထွန်းထွန်းလင်း(မြို့တော်စည်ပင်)၊ လွင်ဦး (ဘဏ္ဍာ/အခွန်)၊ ဝင်းဇော်မျိုး(ဆောက်လုပ်ရေး)၊ လှအေးထွေး (ပတ္တမြားနဂါး)၊ နေလင်းထွန်း (ပြည်ထဲရေး)၊ ဇော်ထက်အောင်(စွမ်းအင်)၊ ကျော်ကျော်မင်း (မလိခ)၊ ညီညီအောင် (ပို့ဆောင်ရေး)၊ နေသူလှိုင်(ပြည်ထဲရေး)၊ အေးစန်း(တံခွန်)၊ ညီညီဇော်(မြို့တော်စည်ပင်)၊ ဇော်လင်းထွန်း(ပြည်ထဲရေး)၊ သန့်စင်ထွေးစန်း (ဆောက်လုပ်ရေး)၊ အောင်စိုးကြူ (တပ်မတော်-ကြည်း)၊ ဇာနည်မောင် (ပို့ဆောင်ရေး)၊ မျိုးလှိုင်ဝင်း(ဘဏ္ဍာ/အခွန်)၊ မျိုးလွင်ဦး(ပတ္တမြားနဂါး)၊ ဝင်းဇော်(သတ္တုတွင်း)၊ ကျော်ကျော်မောင်(ကာကွယ်ရေး)၊ စည်သူဝင်း (ပြည်ထဲရေး)၊စိန်သောင်း(ပတ္တမြားနဂါး)၊ဇော်ဇော်(မြို့တော်စည်ပင်)၊ အောင်ဟိန်းလတ် (ဘဏ္ဍာ/အခွန်)၊ မင်းမင်းထွန်း(တပ်မတော်-ကြည်း)၊ ဇော်မျိုးမင်း (ဆောက်လုပ်ရေး)၊ အောင်ထွန်းလင်း(ဘဏ္ဍာ/အခွန်)၊ ကျော်ဇေယျာမင်း (ပို့ဆောင်ရေး)၊ ရီမွန်ပေါလ်(ဆောက်လုပ်ရေး)၊ ညွန့်ဝင်း(မြို့တော်စည်ပင်)၊ အောင်ကျော်ထွန်း (သစ်တောရေးရာ)၊ အောင်မျိုးဝင်း(မလိခ)၊ သိန်းထွန်းဝင်း (ဆောက်လုပ်ရေး)၊ အောင်မြင့်အေး(မြို့တော်စည်ပင်)၊ ခင်မောင်လွင်(လယ်/ဆည်)၊ သိန်းဇော်ထိုက် (တပ်မတော်-ကြည်း)၊ အောင်လတ်သူ(တံခွန်)နှင့်ညီညီစိုး (သစ်တောရေးရာ)တို့ ဖြစ်ကြသည်။

အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ၌ ပွဲစဉ်ပေါင်း ၁၂၀ယှဉ်ပြိုင် ကစားခဲ့ရာတွင် စုစုပေါင်း ၄၁၀ဂိုး သွင်းယူခဲ့ကြရာ ၃ဒသမ၄ရာခိုင်နှုန်း သွင်းယူနိုင်ခဲ့သည်ကို တွေ့ရသည်။ ဂိုးအများဆုံးသွင်းယူနိုင်သော အသင်းမှာ ဘဏ္ဍာ/အခွန်ဖြစ်ပြီး ၁၅ပွဲကစားရာ ၅၈ဂိုးသွင်းယူနိုင်ခဲ့သည်။ ပေးဂိုးအများဆုံး အသင်းမှာ သတ္တုတွင်းအသင်းဖြစ်ပြီး ၅၁ဂိုး အသွင်းခံခဲ့ရသည်။

၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံး ပြိုင်ပွဲ၌ဂိုးအများဆုံးသွင်း ယူခဲ့သူနှစ်ဦးမှာ မောင်မောင်ငွေ (မြို့တော်စည်ပင်)နှင့် နိုင်ဝင်း(စွမ်းအင်)တို့ဖြစ်ကြပြီး စုစုပေါင်း ၁၂ဂိုးစီသွင်းယူခဲ့ကြသည်။ စုစုပေါင်း ၁၀ဂိုးဖြင့် ဒုတိယဂိုးအများဆုံးသွင်းယူနိုင်ကြသူများမှာ အောင်ထွန်းနိုင် (သစ်တော ရေးရာ)၊မြတ်မင်းဦး(ပို့ဆောင်ရေး)နှင့်ထွန်းမင်းနိုင်(ကာကွယ်ရေး)တို့ဖြစ်ကြသည်။

စုစုပေါင်း ကိုးဂိုးသွင်းယူနိုင်ခဲ့ကြသူများမှာ မျိုးနိုင်(လယ်/ဆည်)နှင့် နေသူလှိုင်(ပြည်ထဲရေး)တို့ဖြစ်ကြသည်။ စုစုပေါင်းရှစ်ဂိုးသွင်းယူခဲ့ကြသူများမှာ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊ မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊အောင်မိုးဦး(ကာကွယ်ရေး)နှင့်စည်သူမောင် (လယ်/ဆည်)တို့ ဖြစ်ကြသည်။ စုစုပေါင်းခုနစ်ဂိုးသွင်းယူခဲ့ကြသူများမှာ မျိုးလှိုင်ဝင်း(ဘဏ္ဍာ အခွန်)၊ သက်နိုင်ဦး(မြို့တော်စည်ပင်)၊ ဆန်းဒေးသိန်း(ဆောက်လုပ်ရေး)နှင့် စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)တို့ဖြစ်ကြသည်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ကိုထွေး

စုစုပေါင်း ခြောက်ဂိုးသွင်းယူခဲ့ကြသူများမှာ သက်နိုင်(ကာကွယ်ရေး)၊ သန့်စင်ထွေးစန်း(ဆောက်လုပ်ရေး) နှင့်ကျော်သီဟ(တံခွန်) တို့ဖြစ်ကြသည်။ စုစုပေါင်း ငါးဂိုးသွင်းယူခဲ့ကြသူများမှာ ထွေးမောင်(လယ်/ဆည်)၊ လာကျဲအိုလွယ် (ဆောက်လုပ်ရေး)၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)၊ ရန်ပိုင်(ဘဏ္ဍာ/အခွန်)နှင့် ရန်နောင်စိုး(စွမ်းအင်)တို့ဖြစ်ကြသည်။ စုစု ပေါင်းလေးဂိုးသွင်းယူခဲ့ကြသူများမှာ ဇေမောင်မောင်(ဘဏ္ဍာ/အခွန်)၊ တင်ထွေး(တပ်မတော်-ကြည်း)၊ ကိုကိုနိုင် (သတ္တုတွင်း)၊ ဇော်ဇော် (မြို့တော်စည်ပင်)၊ ဝင်းမင်းထွဋ် (မြို့တော်စည်ပင်)၊ ဇော်ဇော်(မလိခ)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ အောင်ဟိန်းလတ်(ဘဏ္ဍာ/အခွန်)၊ စည်သူဝင်း (ပြည်ထဲရေး)နှင့် ခင်မောင်လွင် (လယ်/ဆည်)တို့ဖြစ်ကြသည်။

တစ်ပွဲတည်းတွင် သုံးဂိုးသွင်းယူနိုင်ပြီး ဟက်ထရစ်(hat-Trick) ဂိုးသွင်းရှင် ဖြစ်ခဲ့ကြသူများမှာ သက်နိုင်ဦး(မြို့တော်စည်ပင်)၊ နိုင်ဝင်း(စွမ်းအင်)၊ အောင်ထွန်းနိုင်(သစ်တောရေးရာ)၊ အေးမင်းထွန်း(ဘဏ္ဍာ/ အခွန်)၊ဘိုဘိုအောင်(စီးပွား/ကူးသန်း)၊ မြတ်မင်းဦး(ပို့ဆောင်ရေး)နှင့် ဆန်းဒေးသိန်း(ဆောက်လုပ်ရေး)တို့ ဖြစ်ကြ သည်။ တစ်ပွဲတည်းတွင် အပြန်အလှန် ဂိုးအများဆုံးသွင်းယူခဲ့သည့်ပွဲမှာ လယ်/ဆည်က သတ္တုတွင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသောပွဲဖြစ်ပြီး စုစုပေါင်း ၁၀ဂိုး သွင်းယူခဲ့ကြသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိကြသူများကို ပွဲပြီးသည်နှင့် ကြေညာပြီး ငွေကျပ် ၁၀၀၀၀စီ ချီးမြှင့်ခဲ့သည်။ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံး ပြိုင်ပွဲများကို လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ကျင်းပခဲ့သည်။ မတ် ၂၅ရက် နောက်ပိုင်း ပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပခဲ့သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းငွေကျပ် ၅၀၀၊ ရိုးရိုးတန်း ငွေကျပ်၂၀၀နှုန်း သတ်မှတ်ခဲ့သည်။

ပထမတန်းသို့ ဆင်းသွားရသော လျှပ်စစ်စွမ်းအားအသင်းနှင့် သတ္တုတွင်း အသင်းတို့သည် မေ၂၁ရက်တွင် ကျင်းပမည့် အဆင့်မြင့်တန်း ကွင်းပိတ် (ရှုံးထွက်)ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြရဦးမည် ဖြစ်သည်။ သတ္တုတွင်းအသင်း သည် ယခုနှစ်ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့ တက်ရောက်လာခြင်းဖြစ်ပြီး အဆင့်မြင့်တန်း၌ ဘောလုံးရာသီတစ်ရာသီသာ ရပ်တည်နိုင်ခဲ့သည်။ လျှပ်စစ် စွမ်းအားအသင်းသည် ယမန်နှစ်ဘောလုံးရာသီက အတန်းတင်သာရှိပြီး အတန်းချ မရှိခဲ့၍ အဆင့်မြင့်တန်း၌ ဆက်လက်ရှိနေခဲ့ရာမှ ယခုအခါ ပထမတန်းသို့ ဆင်းသွားရပြီဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့ တက်ရောက် လာသော မလိခအသင်းသည်အဆင့်(၁၄)ရရှိသဖြင့်အဆင့်မြင့်တန်း၌ ဆက်လက် ရပ်တည်ခွင့် ရရှိသွားသည်။ ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ပြိုင်ပွဲများ၌ ပုဂ္ဂလိကအသင်းများဖြစ်ကြသော တံခွန်အသင်း၊ ပတ္တမြားနဂါး အသင်း၊ မလိခအသင်းနှင့် ကမ္ဘောဇအသင်းတို့ကို မြင်တွေ့ကြရမည် ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းအမှတ်ပေး ဘောလုံး ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ဘဏ္ဍာ/အခွန်အသင်း၏ အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်(ဝဲ)နှင့်နည်းပြချုပ်ဦးမြင့်ကြူး(ယာ)တို့အား တွေ့ရစဉ်။ (မြန်မာ့အလင်း)

အဆင့်မြင့်တန်းအသင်းများ၏ရပ်တည်မှုအနေအထား

အဆင့်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ဘဏ္ဍာ/အခွန်	၁၅	၁၃	၁	၁	၅၈	၁၀	၄၀
၂	စွမ်းအင်	၁၅	၁၁	၃	၁	၃၄	၁၂	၃၆
၃	စီးပွား/ကူးသန်း	၁၅	၁၀	၄	၁	၃၇	၁၀	၃၄
၄	ကာကွယ်ရေး	၁၅	၁၀	၂	၃	၃၆	၂၂	၃၂
၅	မြို့တော်စည်ပင်	၁၅	၉	၂	၄	၃၈	၂၀	၂၉
၆	ပို့ဆောင်ရေး	၁၅	၉	၂	၄	၂၈	၂၀	၂၉
၇	ဆောက်လုပ်ရေး	၁၅	၈	၃	၄	၂၆	၂၃	၂၇
၈	သစ်တောရေးရာ	၁၅	၇	၂	၆	၂၃	၁၈	၂၃
၉	ပြည်ထဲရေး	၁၅	၆	၁	၈	၂၂	၂၅	၁၉
၁၀	တပ်မတော်(ကြည်း)	၁၅	၄	၄	၇	၁၄	၂၄	၁၆
၁၁	တံခွန်	၁၅	၄	၃	၈	၁၈	၂၂	၁၅
၁၂	လယ်/ဆည်	၁၅	၄	၁	၁၀	၂၉	၄၂	၁၃
၁၃	ပတ္တမြားနဂါး	၁၅	၃	၂	၁၀	၁၄	၃၂	၁၁
၁၄	မလိခ	၁၅	၃	၂	၁၀	၁၀	၃၅	၁၁
၁၅	လျှပ်စစ်စွမ်းအား	၁၅	၁	၁	၁၃	၁၈	၄၇	၄
၁၆	သတ္တုတွင်း	၁၅	၁	၁	၁၃	၈	၅၁	၄

ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားဖွင့်

ပေါင်းတည် မေ ၉

ပေါင်းတည်အနောက်ညောင်ကပ်ပင် အုပ်စု၊ ပေါက်မှော်ကျေးရွာနှင့် တစ်ဆက်တည်း နတ်တလင်းမြို့နယ် စပ်ရှိ ချောင်းခွကြီးအုပ်စုကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတား သစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၃ရက်က လေသာအလယ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဇောတိကအမှူးပြုသော သံဃာ တော်များက ပရိတ်ရွတ်ဖတ်၍ကျေးရွာ ဥက္ကဋ္ဌ ဦးအေးသိန်းနှင့် အလှူရှင် ဦးတိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ သည်။

အဆိုပါ တံတားသစ်ကို ပေါင်းတည် အရှေ့လမ်းနေ ဦးတိုး-ဒေါ်သန်းကြည် သမီးမာမာသန်း မောင်နှမမိသားစုက မတည်ငွေငါးသိန်းနှင့်ကျေးရွာအုပ်စုက ငါးသိန်း စုပေါင်း၍ (၁၀)သိန်းကျော် အကုန်အကျခံ တည်ဆောက်သော တံတားဖြစ်ပြီး အရှည်ပေ ၁၅၀ ဘေး အကျယ်ခြောက်ပေ၊ သစ်သားကြီးများ နှင့် တိုင် ၁၄တိုင်၊ အမြင့်ပေ ၃၀ ရှိကြောင်း သိရသည်။ (၃၃၁)

ကျေးလက်ဒေသများအတွက် စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် မေ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည်တိုင်းနှင့် ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ် သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊အသက်ရှည်ခြင်း၊အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အား ဗလကြီးမားခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းစသည့် ရေအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်(အင်ဂျင်နီယာ)၊ ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေး အဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း- ၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (နယ်စပ်/စည်ပင်)

လူမှောင်ခိုကူးမှုဆိုင်ရာ ပညာပေးဟောပြော

မကွေး မေ ၄

မကွေးတိုင်း မူခင်းကျဆင်းရေးနှင့် ပညာပေးသတင်း ထုတ်ပြန်ရေးကော်မတီက ကြီးမှူး၍ လူမှောင်ခိုကူးမှုဆိုင်ရာ ပညာပေးဟောပြောပွဲများကို ဧပြီ၂၉ ရက်က ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခန်းမနှင့် စလေမြို့ ဦးပုညခန်းမ၊ ဧပြီ ၃၀ ရက်က ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခန်းမနှင့် မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမတို့တွင် စာရေးဆရာ ဝင်းနွယ်(သစ်တော)နှင့် မြန်မာပြည်ဆရာဟိန်းတို့က ဟောပြောကြကြောင်း သိရသည်။ (၃၈၃)

မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီး၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အထူး တရားပွဲကျင်းပရာသို့ ကြွရောက်တော်မူကြသည့် နာယကဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းပွဲကို ဧပြီ၂၈ရက်က ဓမ္မသာလာဆောင်သစ်တွင် ကျင်းပရာ မဟာမြတ်မုနိဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသာဇင်၊ အတွင်းရေးမှူး ဦးတင်အောင်တို့က နာယကဆရာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၁၆၈)

မိုင်းဖြတ်မြို့နယ်တွင် နွေစပါး စံကွက်ရိတ်သိမ်း

မိုင်းဖြတ် မေ ၈

မိုင်းဖြတ်မြို့နယ် ၂၀၀၃-၂၀၀၄ ခုနှစ် နွေစပါး စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို မေ ၂ရက် နံနက် ၈ နာရီက မြို့မရပ် ကွင်းအမှတ်၉/၁၅၀ ၌ကျင်းပရာ ဗိုလ်မှူးချုပ် ဝင်းအောင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးယဉ်ထွန်းတို့က နွေစပါးစံကွက်ရိတ်သိမ်းမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် နွေစပါး စံကွက်ရိတ်သိမ်းမှုအစီအစဉ်အား ဆက်လက်ကျင်းပရာ စံကွက်ရိတ်သိမ်းမှုအရ တစ်ဧကအထွက်နှုန်း စပါးတင်း ၈၃၄၇ တင်း ထွက်ရှိကြောင်းနှင့် မိုင်းဖြတ်မြို့နယ်တွင် ယခုနှစ် နွေစပါး ၈၁၂ ဧက စိုက်ပျိုးသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဧပြီ ၃၀ ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပငကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကတ္တရာလမ်းကို မူလအကျယ် ၁၂ ပေမှ ၁၆ ပေ အကျယ်အထိ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်ခြင်း လုပ်ငန်းအား စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (က-ပ)

လက်ပံတံခါးကျေးရွာ အဝင်လမ်း ကျောက်ချောခင်း

မင်းဘူး မေ ၁၇

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် အဖွဲ့က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ မင်းဘူးခရိုင်ဖြစ်မြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ပျိုးဥယျာဉ်နှင့် ပန်းခြံတို့ကို မေ ၁၄ ရက်က စစ်ဆေးကြပြီးနောက် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော မင်းလှမြို့နယ် လက်ပံတံခါးကျေးရွာ အဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကွင်းဆင်း စစ်ဆေးကြသည်။

(မြို့နယ် စည်ပင်)

ဧပြီ ၂၉ ရက်က မော်လမြိုင်ကျွန်းမြို့ နာရေးကူညီမှုအသင်း အလှူခံဌာနတွင် ရွှေဟင်္သာရွှေဆိုင်ပိုင်ရှင် ဒေါ်ကျင်ဆိုင်က ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ရန်ကုန်မြို့ နာရေးကူညီမှုအသင်း ဒုတိယဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင်ဦးကျော်သူက လက်ခံရယူစဉ်။ (က-ပ)

မေ ၅ရက်က သုံးခွမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးဦးဆောင်၍ သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာဥက္ကဋ္ဌ ဦးကျော်ရွှေနှင့်အဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်အေး၊ အတွင်းရေးမှူး ဦးသိန်းစိုး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် အလှူရှင်များက ကျေးရွာချင်းဆက်မြေသားလမ်းကို ကိုယ့်အားကိုယ်ကိုး ဂဝံကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (၁၃၇)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အလှူရှင် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိရာ မေ ၇ ရက်က ပဲခူးတိုင်း(အနောက် ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းတို့က ကုန်းသာလင်းရွာ အလှူရှင် စက်ရေတွင်းမှ ရေထွက်မှုကို ကြည့်ရှု စစ်ဆေးကြစဉ်။ (၄၀၃)

ကိုယ့်အားကိုယ်ကိုးလမ်းဖောက်

ပြင်ဦးလွင် မေ ၁၅

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပင်လိန်အရှေ့ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသောင်းရှိန်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများက ဖွံ့ဖြိုးရေးလမ်းအား ပြည်သူများ သွားလာနိုင်ရန်အတွက် ပင်လိန်အရှေ့ကျေးရွာနှင့် မြိုင်ကြီး၊ ပင်လိန်အလယ်ရွာသို့ ဆက်သွယ်သည့် လမ်းအား ဖောက်လုပ်လျက်ရှိသည်။ အဆိုပါကိုယ့်အားကိုယ်ကိုးလမ်းသည် ကျေးရွာချင်းဆက်သွယ်သော ဖွံ့ဖြိုးရေးလမ်းမကြီးအဖြစ် ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ကြသည်။ လမ်းမှာအကျယ် ၁၈ ပေ၊ အရှည်ပေ ၁၂၀၀ ရှိသည်။

(က-ပ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပါ

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက် (၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းစွာ ထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့် သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာ ကောင်းအောင် ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကို ယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ကြီးကြပ်ဆောင်ရွက်

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇီးကုန်းတာပွန် ကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဝင်းတို့ မေ ၁၂ ရက်က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

မီးသတ်တပ်ဖွဲ့နေ့နှင့်ဆုပေးပွဲအခမ်းအနား ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ကျောက်တိုင်ကွင်း၌ကျင်းပ

ကော့သောင်း မေ ၁၀

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို တနင်္သာရီတိုင်း ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ကျောက်တိုင်ကွင်းတွင် မေ ၅ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

အလေးပြု

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးအား အလေးပြုတန်းအပ်ခြင်းနှင့် နိုင်ငံတော်အလံကို အလေးပြု၍ သစ္စာဆိုကြသည်။

ပေးအပ်

ထို့နောက် ခရိုင်ဥက္ကဋ္ဌက မိန့်ခွန်းစကားပြောကြားပြီးကျင့်ဝတ်စာမေးပွဲ၊ စစ်ရေးပြပြိုင်ပွဲ၊ ဝတ်စားဆင်ယင်မှုပြိုင်ပွဲမီးသတ်ပညာ စာတွေ့လက်တွေ့ပြိုင်ပွဲများမှ ထူးချွန်ဆုနှင့် ပထမ၊ ဒုတိယ၊ တတိယဆုများ၊ (၂၅)နှစ်ပြည့် စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ဝင်သုံးဦးအတွက်ညွှန်ကြားရေးမှူးချုပ်က ပေးပို့သော ဂုဏ်ပြုမှတ်တမ်းလွှာများ၊ တနင်္သာရီတိုင်း မီးသတ်ဦးစီးမှူး ဦးတင်မင်းက ပေးပို့သော ကော့သောင်း မြို့နယ် မီးသတ်စခန်းသာယာလှပခြင်းနှင့် တိုးတက်ခြင်း ပထမဒိုင်းဆုကြီးအားလည်းကောင်း ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးက ပေးအပ်ကြောင်းသိရသည်။

(၃၈၉)

ပေးအပ်

သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၏ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို မေ၁၀ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်အောင်က သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။

(က-ပ)

အမြို့မြို့အနယ်နယ် သတင်းများ

ပျော်ဘွယ်မြို့တွင်းသွားလာမှု ချောမွေ့ရေးအတွက် ရှမ်းပွဲ ရပ်ကွက် အနော်ရထာလမ်းပေါ်ရှိ ကျောက်ရိုးစီသစ်ခင်းတံတား အရှည် ပေ ၆၀၊ အကျယ် ၁၃ ပေကို ပျော်ဘွယ်မြို့နယ် စည်ပင်သာယာ ရေး အ ဖွဲ့ အ ငယ် တန်း အင်ဂျင်နီယာ(၂) ဒေါ်ရီက တာဝန်ယူကာ ကျပ်၅၄၈၀၀၀ဖြင့် ပြန်လည်ပြုပြင်တည်ဆောက်မှုကို မေ၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကျော်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

မြန်မာ့အသံ

၂၀-၅-၂၀၀၄(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ ဓမ္မဒေသနာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
(ဆားလင်းကြီးမှ ငွေသာရေလှောင်တမံ)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဒီဟာအစဒီလိုဗျ
မောင်အုန်းဖေ
(M.A,M.S, B.L)
(၂) စိတ်ရှင်းရင်ဘဝလည်းရှင်းတယ်
(ခင်စောတင့်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ
(ဇရာကိုတိုက်ဖျက်ရန် အဆန်ခရီး-မောင်ဆုရှင်)
၁၂း၃၀ အစာနှင့်အာဟာရ
(ကျောက်ကျောနှင့် ဆေးကုလားမ)
၁၂း၄၅ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတရေးရာဖြေကြားလွှာ
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ
(မိသားစု၏ အိမ်)
၁၉း၄၀ နှောင်းတေးထံတျာ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းတရားရုံး
တွဲဖက်တိုင်းတရားသူကြီး (၂) တရားမရုံး၌
၂၀၀၄ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၇၈

အာရှဓနဘဏ်လီမိတက်(ရုံးချုပ်) နှင့် ၁။ ဦးဇော်မင်းထွန်း
(၎င်းကိုယ်စား ဦးစန်းတင့်အောင် ၂။ ဦးစိုင်းစဝ်တောင်
မန်နေဂျာကတ်ဌာန)
တရားလို တရားခံ

စမ်းချောင်းမြို့နယ် မကြီးကြီးလမ်း အမှတ်-၁၄ စီနေ ဦးဇော်မင်းထွန်း၊ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီး အမှတ် ၉၅နေ ဦးစိုင်းစဝ်တောင်သိစေရမည်။

(ယခုနေရပ်လိပ်စာမသိ)သူများ သင့်အပေါ်၌ အာရှဓနဘဏ်လီမိတက်(ရုံးချုပ်) က Creditcardဖြင့် ကျော်လွန်ထုတ်ယူသုံးစွဲငွေကျပ် ၅၉၆၇၈၅၇ကျပ်ရလိုကြောင်းနှင့်လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် မေလ ၂၆ရက် (၁၃၆၆ခုနှစ် နယုန်လဆန်း ၈ရက်) နေ့ မွန်းမတည့်မီ ၉း၃၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဧပြီလ ၂၁ရက်နေ့ ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
ရန်ကုန်တိုင်းတရားရုံး။

လွမ်းဆွတ်ကြေကွဲခြင်း
ရှေ့နေချုပ် (ဦးသာထွန်း)

ဘဘကြီးကွယ်လွန်ခဲ့သည်မှာ ၉-၅-၂၀၀၄ ရက်တွင် တစ်နှစ်ပြည့်မြောက်သော်လည်း ဦးဝင်းမိုး-ဒေါ်ခင်စုဝေမိသားစုနှင့်အတူ ထပ်တူထပ်မျှ သတိရဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ဆွေဆွေ၊ ဦးမြင့်ဆွေ-ဒေါ်အေးကြူ မန္တလေးမြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ငယ်ငယ်ဝင်း (မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်) ငွေစာရင်းဌာနခွဲမှူး၏ မိခင် ဒေါ်ခင်ခင်ညွန့်ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲမိပါကြောင်း။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်
ဆရာ၊ ဆရာမနှင့်ဝန်ထမ်းများ။

အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း
အမှတ် ၁၉၂၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့
ဆိပ်ခံဇော (ပေ၁၅၀ X ပေ၃၀ X ၇ပေ ၆လက်မ)

တည်ဆောက်ရန်အတွက်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း လက်အောက်ရှိ စက်ရုံတွင် ဆိပ်ခံဇော (ပေ၁၅၀ X ပေ ၃၀ X ၇ပေ ၆လက်မ) တည်ဆောက်လိုပါသဖြင့် ချိပ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) **တင်ဒါပုံစံများရောင်းချမည့်နေရာ** - မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း(ရုံးချုပ်) စီမံကိန်းဌာန
(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၅-၂၀၀၄
(ဂ) **တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - ၂၁-၆-၂၀၀၄

၂။ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းအနေဖြင့် တင်ဒါကို အကြောင်း တစ်စုံတစ်ရာမပြဘဲ ပယ်ဖျက်ခွင့်ရှိသည်။ တင်ဒါပုံစံ တရားဝင် ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

၃။ အသေးစိတ်သိလိုသောအချက်များအား စီမံကိန်းဌာနတွင်လည်းကောင်း၊ ဖုန်း ၀၁-၅၆၆၀၇၉၊ ၀၁-၅၆၆၀၇၄ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

ဝမ်းနည်းကြေကွဲခြင်း

ကျောက်ဆည်မြို့ ကံဦးရပ်နေ ဒေါ်လှမြင့်၏ခင်ပွန်း ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဒေါက်တာဦးထွန်းဝင်း (ပြည်သူ့မေတ္တာဆေးတိုက်) ကျောက်ဆည်မြို့ အသက်(၇၄)နှစ်သည် ၁၄-၅-၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။ **၃၆လမ်း မိသားစု ရန်ကုန်မြို့။**

ကျေးဇူးတင်ရှိခြင်း
ဦးညီပု (ဆန်းယဉ်စတိုး-တောင်ကြီးမြို့)

၂၃-၄-၂၀၀၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားသော ဦးညီပု(လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်၊ ဆန်းယဉ်စတိုး၊ တောင်ကြီးမြို့)နာမကျန်းဖြစ်စဉ်က အထူးကြပ် မတ်ပြုစုစောင့်ရှောက်ခဲ့ကြသည့် သမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ သူနာပြုဆရာ၊ ဆရာမများ၊ ဈာပနကိစ္စတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ပြည်တွင်းပြည်ပ ရပ်ဝေးရပ်နီးတို့မှ ဖုန်း၊ ကြေးနန်း၊ အီးမေးလ်၊ ဖက်စ်တို့ဖြင့် ဝမ်းနည်းစကားပြောဆို အားပေးကြသူများ၊ ဖခင်ကြီးဦးညီပုကို ချစ်ခင်လေးစားကြသော သူငယ်ချင်းအပေါင်းအသင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု (ဆန်းယဉ်စတိုး၊ တောင်ကြီးမြို့)။

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဒေါ်သန်းရွှေ(သုံးခွ)
၁၉-၅-၂၀၀၃

မိသားစုအပေါ် သံယောဇဉ်ကြီးမားပြီး တာဝန်ကျေပွန်သော ကျေးဇူးရှင်မာမီအား ရည်စူး၍ ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကို မာမီအား အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

မာမီရေ အမျှ-အမျှ-အမျှ။

နေ့စဉ်နှင့်အမျှ သတိရလွမ်းဆွတ်လျက်-

ချစ်သောသားသမီးနှင့်မြေးများ။

တစ်လပြည့်အလွမ်း
ဦးညီပု(တောင်ကြီးမြို့)
လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်
ဆန်းယဉ်စတိုး၊ တောင်ကြီးမြို့

ကျေးဇူးရှင်ဖေဖေ-

မိသားစုနှင့် ခွဲခွာသွားသည်မှာ တစ်လပြည့်မြောက်သွားပြီဖြစ်သော်လည်း ဖေဖေ့ကျေးဇူးတရားများကို နေ့စဉ်အောက်မေ့တသလျက် ဖေဖေ့အတွက်ရည်စူး၍ ဆရာတော်၊ သံဃာတော်၊ အရှင်မြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ ကောင်းမှုကုသိုလ်ဒါနအစုစုကို ပြုလျက်ရှိပါတယ်ဖေဖေ၊ ဖေဖေသာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး- ဒေါ်ခင်အေးဖြူ
ချစ်သားသမီးများ-
ဦးမြင့်သိန်း-ဒေါ်မော်မော်ညီ (စင်ကာပူ)
ဦးကျော်ကျော်ညီ-ဒေါ်မြင့်မြင့်သီ
ဦးဇော်ဇော်ညီ
ဦးဇော်ဝင်း-ဒေါ်နော်နော်ညီ
ဦးတော်တော်ညီ-ဒေါက်တာစိန်စိန်လှိုင် နှင့် ချစ်မြေးများ
(ဆန်းယဉ်စတိုးမိသားစု)။

အမည်ပြောင်း

ဦးအောင်စိုး၏သား အထက(၂) တာမွေ စတုတ္ထတန်း(က)မှ မောင်စိုးဝေယံမိုးထက်အား မောင်အောင်ခန့်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ခန့်ပိုင်။

အမည်မှန်

အထက တာချီလိတ် နဝမတန်း (က)မှ ကျောင်းဝင်အမှတ် (၁၀၈၈၁) နန့်လားမွန်၏ အမည်မှန်မှာ နန့်လားမွန်(ခ)နန့်လားမူ ဖြစ်ပါကြောင်း။

အမည်မှန်

အထက တာချီလိတ် အဋ္ဌမတန်း (ဂ)မှ ကျောင်းဝင်အမှတ် (၈၄၈၄) မမီဗျာ၏ အမည်မှန်မှာ မမီဗျာ (ခ) မဘူးဗျာ ဖြစ်ပါကြောင်း။

အမည်ပြောင်း

မကွေးမြို့ အလက(၁)သတ္တမတန်းမှ အဖဦးမောင်မောင်အေး၏ သားဖြစ်သူ မောင်သူရအား ယနေ့မှစ၍ မောင်မြတ်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်မင်းခန့်။**

အမည်ပြောင်း

မကွေးမြို့ အထက (၃) ဒသမတန်းမှ အဖဦးစိုးရွှေ၏သားဖြစ်သူ မောင်ဇော်မျိုးလင်းအား ယနေ့မှစ၍ မောင်ဇော်လင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇော်လင်းထွန်း။**

ဖြည့်စွက်ဖတ်ရှုပါရန်

၁၇-၅-၂၀၀၄ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၇)တွင် ပါရှိသော ကုန်အမှတ်တံဆိပ် မူပိုင်ဖြစ်ကြောင်း ကြေညာချက် (Lionပရပ်ဆီ) တွင်မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့တွင် တရားဝင်မှတ်ပုံတင်သွင်းပြီးဟုဖြည့်စွက်ဖတ်ရှုပါရန်။

သမီးလေး သဉ္ဇာစစ်နိုင်

(Baby Girl) အတွက်

မွေးနေ့ဆုတောင်း

ဖေမေတို့ရဲ့ချစ်သမီးလေး ၁၉-၅-၂၀၀၄ ရက်နေ့မှာ ကျရောက်တဲ့ လေးနှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နှင့် ပြည့်စုံပြီး ထူးချွန်အောင်မြင်သော ဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ဖေဖေ-ဗိုလ်မှူးမျိုးမြင့်နိုင်
မေမေ-ဒေါ်သီဂီအောင် (Baby)
မမ-ဝါဆိုမိုးဦး(အ-ထ-က-၂၊လသာ)

ယာဉ်မောင်းတကယ်တတ်လိုလျှင်ရွှေမြင်သာနှင့်သင်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကြီးမှူးသည့် ရွှေမြင်သာအခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် ၁၈/၂၀၀၄ကို ၂၀၀၄ခုနှစ် ဇွန်လ ၃ရက်နေ့တွင်ဖွင့်လှစ်ပါမည်။

- စနစ်တကျယာဉ်မောင်းကျွမ်းကျင်စေရမည်။
- ရွာသာကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး အမှတ်(၂) လမ်းမကြီးတွင် ဖွင့်လှစ်မည်။
- သွားလာမှုလွယ်ကူစေရန် ရွာသာကြီးသို့ သဃ်န်းကျွန်း မြင်သာရုံးမှ တစ်ဆင့် ကြို/ပို့ယာဉ်များ စီစဉ်ပေးမည်။
- နယ်မှတက်ရောက်လိုသူများအတွက် နေထိုင်ရေးအခမဲ့စီစဉ်ပေးမည်။
- သင်တန်းတက်ရောက်လိုသူများ ၂-၆-၂၀၀၄ရက်နေ့နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။
- **ဆက်သွယ်စာရင်းပေးရန်လိပ်စာ**

ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)၊ သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့။
ဖုန်း-၅၇၃၁၀၉၊ ၅၇၃၁၀၆၊ ၅၇၀၉၆၇

သစ်သားသေတ္တာများအလိုရှိသည်

တစ်နိုင်ငံလုံးရှိ ဆေးရုံများသို့ ဆေးပစ္စည်းများကို ထုပ်ပိုး ပေးပို့ရန် လိုအပ်သော (၂၄ လက်မx၁၆လက်မx၁၂လက်မ)အရွယ်အစား သစ်သားသေတ္တာအလုံး ၁၂၀၀၀ ကို ဝယ်ယူလိုပါသည်။

ပေးသွင်းသူတို့သည် ဈေးနှုန်းလွှာများကို ဗဟိုဆေးသိုလှောင်ရေးဌာန အမှတ် ၅၇ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့ ၄-၆-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)
ဗဟိုဆေးသိုလှောင်ရေးဌာန။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ခန့်ထားရန်)

၁။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) (ကျား) ၂ ဦး၊ (မ) ၂ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှ ဖြစ်ရမည်။

လိပ်စာ - အမှတ်(၅၁၉/၅၂၀)၊ အဓိပတိလမ်းသွယ်(၁) စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့။
ဖုန်း - ၇၀၆၅၃၃

အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းတင့်(ခ) ဒေါ်စောမြသန္တာ မှတ်ပုံတင်အမှတ် ISN-၅၄၃၉၈၆ သည် ဦးမောင်မောင် မှတ်ပုံတင်အမှတ် PYU-၁၀၀၈၈၉ နှင့် ၁၉၈၅ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် တရားဝင် လက်ထပ်ထိမ်းမြားခဲ့ပြီး ယနေ့အထိ ဦးမောင်မောင်၏ တစ်ဦးတည်းသော တရားဝင်ဇနီး ဖြစ်ပါသည်။

အာရှအိပ်(စ်)ပရက်(စ်)ဆောက်လုပ်ရေးကုမ္ပဏီသည် ဒေါ်စန်းစန်းတင့်၏ အမှတ်-၂၇၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ပဒေသာရုပ်ရှင် လုပ်ငန်း ရုံးခန်းတွင် ဒေါ်စန်းစန်းတင့်မှ ဦးဆောင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ အခြေတည်ဆောင်ရွက်ပေးခဲ့သော ကုမ္ပဏီဖြစ်ပါသည်။ ဒေါ်စန်းစန်းတင့်မှ မိမိပိုင်လုပ်ငန်းများဖြစ်သော ပဒေသာရုပ်ရှင်ထုတ်လုပ်ရေး/သရုပ်ဆောင်/ဒါရိုက်တာ(အနုပညာ) လုပ်ငန်း၊ စတိုးဆိုင်နှင့် အလှပြင်ဆိုင်လုပ်ငန်းများကို စွန့်လွှတ်ခဲ့ပြီး အာရှအိပ်(စ်) ပရက်(စ်)ကုမ္ပဏီ၏ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာအောင် ကိုယ်တိုင်ကြိုးပမ်းဆောင်ရွက်ပေးခဲ့သူ ဖြစ်ပါသည်။

သို့ပါ၍ ယင်းအာရှအိပ်(စ်)ပရက်(စ်) ဆောက်လုပ်ရေးကုမ္ပဏီ၏ ရပိုင်ခွင့်အရပ်ရပ်နှင့် အကျိုးစီးပွားအားလုံးမှာ ဒေါ်စန်းစန်းတင့်၊ ခင်ပွန်း ဦးမောင်မောင်နှင့် တစ်ဦးတည်းသောသား မောင်မြင့်မိုရ်မောင် မိသားစုကသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါသည်။

အာရှအိပ်(စ်)ပရက်(စ်) ဆောက်လုပ်ရေးကုမ္ပဏီတွင် ဒေါ်စန်းစန်းတင့် (ခ)ဒေါ်စောမြသန္တာနှင့် သားဖြစ်သူ မောင်မြင့်မိုရ်မောင်တို့၏ အကျိုးစီးပွား ခံစားခွင့်အရပ်ရပ်ကို ထိခိုက်ဆုံးရှုံးအောင် ပြုလုပ်မှုနှင့် ပြုလုပ်သူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
(ဦးစန်းလွင်) တရားရုံးချုပ်ရှေ့နေ
အခန်းအမှတ်-စီ-၁၀၊ အမှတ် ၅၀ (ပ-ထပ်)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

အမည်ပြောင်း

ဝမ်းတွင်းမြို့နေ ဦးဇော်တင့်-ဒေါ်ခင်သန်းနွဲ့တို့၏သား မောင်လုံးချော ၉/ဝတန(နိုင်) ၁၃၅၃၄၂ Final year Chem; မိတ္ထီလာ တက္ကသိုလ်အား မောင်ရန်နိုင်ဦးဟု ပြောင်းလဲခေါ်ပါရန်။

ရန်နိုင်ဦး။

အမည်ပြောင်း

အဖ ဦးမျိုးသိန်း၏ သမီးများဖြစ်ကြသော ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (ကမာရွတ်) X̲(G)မှ မဝင့်မာမျိုးအား မဝင့်မာဟု လည်းကောင်း၊V̲(I) မှ မဝင့်ရတနာထက်အား မဝင့်နန္ဒာထက်ဟု ပြောင်းလဲခေါ်ပါရန်။



ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Myanmar Convention Centre အတွက် Sound System & Stage Lighting System များ	1 Lot
၂။	သံချောင်းလုံးများ	၄၂ ဒသမ ၅၂၅ တန်
၃။	ဂဝံကျောက်	၆၅၀ ကျင်း
၄။	ထုံး	၁၇၀၀၀ အိတ်

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၈-၅-၂၀၀၄ ရက်နေ့ ၁၆း၀၀ နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရောင်းချရေးဌာနစု ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ ၂၃၅ သို့ ရုံးချိန် အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။



ခရစ်တော်၌အိပ်ပျော်ခြင်း
Cecilia ဒေါ်မြသန်း
(အထက–၂၅၊ မန္တလေး၊ ငြိမ်း)
အသက်(၈၃)နှစ်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်နေ (ဦးသိန်းအောင်)၏ဇနီး၊ ဒေါ်လှကြည် (အထက–၁၁၊ ငြိမ်း)၏အစ်မ၊ ဒေါ်အေးအေးသိန်း (အထက၊ အရာတော်)၊ (ဦးအောင်သူရ)–ဒေါ်သန်းသန်းမြင့်(ဆောက်လုပ်ရေး)၊ စစ္စတာဂျူလီဥမ္မာအောင် (F.S.A.G)၊ ဦးခင်မောင်တင့် (ဆည်မြောင်း)–ဒေါ်စန္ဒာအောင်၊ ဦးမျိုးနိုင် (စခမ–၃၊ မီးရထား)–ဒေါ်သီတာအောင်၊ ဦးအောင်လင်း(စခမ–၂၊ မီးရထား)–ဒေါ်နီလာအောင်(ဆောက်လုပ်ရေး)၊ မောင်ဉာဏ်မြင့်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁–၅–၂၀၀၄ရက်(စနေနေ့)နံနက် ၀၀း၀၅ နာရီတွင် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် စိန့်မေရီဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ပြင်ဦးလွင်မြို့ ကုန်းဘောခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရှာဘွန်ယော့(ခ)ဦးမောင်စိန်
အသက်(၇၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် ၁၉(စီ)၊ ဇောတိကလမ်း၊ ဟံသာရိပ်မွန်နေ (ဦးရှာဘန်စိန်–ဒေါ်အောင်တင်)တို့၏သား၊ ဒေါ်တင်ရီ (ချိန်ဝင်းရွှေဆိုင်)၏ခင်ပွန်း၊ ဒေါ်မေရီ(Ph.D Prelim)(ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသိန်းလှိုင်–ဒေါ်အေးအေးစန်း(ချိန်ဆန်းရွှေဆိုင်)၊ ဦးမြတ်လှိုင်–ဒေါ်ဥမ္မာ (ချိန်ဆွိရွှေဆိုင်)၊ ကိုနေလှိုင်၊ ကိုနေဒွန်း–မမေသီ (ချိန်ဟော့ရွှေဆိုင်)၊ ကိုဝင်းအောင်–မခင်မေအေး(ရွှေမင်းသားရွှေဆိုင်)၊ မသန်းသန်းထွေးတို့၏ဖခင်၊ မောင်မြတ်မင်းသိန်း (ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်)၊ မဖြူဖြူခိုင်(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်)၊ မောင်ထက်အောင်လှိုင်(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်)၊ မမေသူကြွယ်၊ မောင်ထက်ဦးလှိုင်၊ မောင်ရှင်းသန့်အောင်တို့၏ အဘိုးသည် ၁၇–၅–၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၉–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်
အသက်(၅၇)နှစ်

မကွေးတက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဦးမောင်မောင်သည် ၁၇–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြေကွဲနေမြောတသမိပါကြောင်း။

ပါမောက္ခ ဦးမေအောင်(ခေတ္တပါမောက္ခချုပ်)၊
ရူပဗေဒမိသားစုနှင့်
မကွေးတက္ကသိုလ်။

ဒေါ်မြင့်မြင့်ရီ (မငေးရှာ)
အသက်(၆၆)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ အမှတ် ၆ နေ ဦးတင်စိန်–(ဒေါ်ချစ်)တို့၏သမီး၊ (ဦးအေးလွင်)–ဒေါ်ငြိမ်းရင်တို့၏ညီမ၊ (ဦးတင်ထွန်း)–ဒေါ်မြင့်မြင့်ကြည်၊ ဦးထိန်ဝင်း–ဒေါ်ရီရီမြ၊ ဦးစိန်ထူး–ဒေါ်သန်းသန်း၊ ဦးတင်လှ–ဒေါ်မြမြသိန်းတို့၏အစ်မ၊ မုံရွာမြို့၊ သလ္လာမြို့သစ်နေ ဦးမောင်မောင်တင် (ရဲအရာရှိ၊ ငြိမ်း)၏ဇနီးသည် ၁၉–၄–၂၀၀၄ရက် (တနင်္လာနေ့)တွင် မုံရွာပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၁–၄–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် မုံရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဟာစံ(ခ)ဦးခင်မောင်လတ်
ပျံသန်းရေးမန်နေဂျာ(ငြိမ်း)
မြန်မာ့လေကြောင်း
အသက်(၇၉)နှစ်

ရမည်းသင်းမြို့နေ (ဦးဘိုးစ–ဟာဂျီမ ဒေါ်စိန်ညွှန့်)တို့၏သား၊မိုးကုတ်မြို့နေ (ဦးအက်စ်မော–ဒေါ်ထူး)တို့၏ သားသမက်၊ ဟာဂျီဦးခင်မောင်ဦး၏ ညီ၊ ဟာဂျီမ ဒေါ်ပြုံးမမ၏ခင်ပွန်း၊ Sophia (ခ)နှင်းဝေလတ်၊ Ruby(ခ)မိုးဝေလတ်တို့၏ ဖခင်သည် ၁၇–၅–၂၀၀၄ရက် နံနက် ၄း၃၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပျောက်ဆုံးခြင်း

၃ခ/၁၅၅၅ ဟွန်ဒါအက်ကော့ ယာဉ် လက်ဝယ်ရှိသူ၏ ကမ–၃/VIC/ Wheel Tax- ခိုးယူပျောက်ဆုံးနေပါသဖြင့် တွေ့ရှိသူမှ ယာဉ်ပိုင်ရှင်နှင့် အမြန်ဆုံးလာရောက် ဆက်သွယ်ရန်နှင့် လက်ဝယ်တွင်ထားရှိကြောင်းစုံစမ်းသိရပါက ဥပဒေအရ အရေးယူမည်။

ယာဉ်ပိုင်ရှင်–
ဦးမောင်မောင်ဦး
၅၂(က)ဦးမှိုလမ်း၊
စက်မှုဇုန်(၁)၊
လှိုင်သာယာမြို့နယ်၊
ရန်ကုန်။
ဖုန်း–၀၉ ၅၀၀ ၃၇၄၉

ဖြိုးရန်နိုင်ကျော်
အသက်(၁၈)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ကတန်ကျွန်းလမ်း၊ အမှတ် ၁၃၆ နေ ဦးထွေးတင်–ဒေါ်ချယ်ရီတို့၏သားကြီး၊ သင်းဇေရီစိုး၊ အေးမြတ်မွန်တို့၏အစ်ကိုကြီးသည် ၁၇–၅–၂၀၀၄ရက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉–၅–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထားဝယ်ချောင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

TAXI ကားငှားမည်
ကက/၇ ဆလွန်း ရောင်းမည်

အ/86" ဖင်ထောင်၊ နေ့သွင်း/ထုတ် TAXI" ကားငှားမည်။ လသာမြို့နယ်တွင် ကားထုတ်ရမည်။ ""92" မော်ဒယ် မီဆူဘီရှီ (Mirage) all Power ပစ္စည်းစုံ၊ မှန်ကာလာ။ ကက / ၇ ဆလွန်းရောင်းမည်။ ၁၃၉၊ ၁၈ လမ်း (ငါးလွှာ)၊ **ဖုန်း–222504"၊ 09-80-30498**

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

တောင်ငူမြို့၊ ၁၁/၅၊ ဆရာဖြေလမ်းနေ ဇနီးဖြစ်သူ မမိုးမိုးလှိုင် ၇/တငန(နိုင်)၀၂၈၅၇၂သည် လက်ဝတ်ရတနာပစ္စည်းများယူဆောင်ပြီး မိမိသဘောအလျောက် နေအိမ်မှဆင်းသွားသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။

(၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ)

ခင်ပွန်း–
ကိုသိန်းထွေး
(တောင်ငူ)။

SCHILLER EDUBANK BUSINESS & ENGLISH INSTITUTE (SBEI)

(1) Four Skills + 3 Skills English Courses (2) TOEFL
(3) MBA Foundation Course
(4) Basic/Professional English သင်တန်း
(5) အလုပ်ရှာဖွေရေးဝန်ဆောင်မှု

အမှတ် ၇၀၇၊ ခုနစ်လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်။ ဖုန်း – ၅၅၈၀၇၁

ဘုရား၊ ရဟန်း၊ ကျောင်းအမ
ဒေါ်လှကြည် (တန်ရှောက်ဟုန်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ၁၅ လမ်း၊ အမှတ် ၂၀ နေ (ဦးတန်ဘွန်ကျန်–ဒေါ်ကျင်မြ) တို့၏သမီးကြီး၊ နတ်မောက်မြို့နေ (ဦးပေးယား–ဒေါ်ကျင်မြ)တို့၏သမီးချွေးမ၊ ဒေါ်ကျင်စိန်၊ (ဦးဟင်းငါး)–ဒေါ်တင်ရွှေ(မကွေးမြို့)တို့၏တူမ၊ ရန်ကုန်မြို့၊ အမှတ် ၄၂၊ အင်းလျားလမ်းနေ ဦးတင်ဝင်း(နတ်မောက်)၏ဇနီး၊ ဦးနေဝင်း–ဒေါ်မို့မို့ထွန်း(စိန်ချယ်ပွဲရုံ၊ ဘုရင့်နောင်)၊ ဦးကြည်ဝင်း၊ ဦးမျိုးဝင်း–ဒေါ်ခင်မာလာ(Tri Star)၊ ဦးသိန်းဝင်း–ဒေါ်စောဥမ္မာ၊ ဦးနိုင်ဝင်း–(ဒေါ်စန်းစန်း)၊ ဦးစိုးဝင်း၊ မမဥ္ဇူသင်းတို့၏မိခင်၊ မမို့မို့နေဝင်း၊ အောင်ပြည့်ဖြိုး၊ အောင်ရဲဝင်း၊ ကောင်းရဲဝင်း၊ ဝင်းဝါအောင်တို့၏အဘွားသည် ၁၇–၅–၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁–၅–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းအမ
ဒေါ်လှကြည် (တန်ရှောက်ဟုန်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ၁၅ လမ်း၊ အမှတ် ၂၀ နေ (ဦးတန်ဘွန်ကျန်–ဒေါ်ကျင်မြ) တို့၏သမီးကြီး၊ ဦးမျိုးညွှန့်–ဒေါ်ရီရီ၊ (ဦးတင်ရှိန်)–ဒေါ်ခင်ဝင်းမြင့်၊ ဦးခင်ထွန်း–ဒေါ်ခင်သက်နိုင်၊ ဦးထွန်းအေး–ဒေါ်အဖွန်း၊ Dr. ကြင်ညွှန့်–ဒေါ်ဝင်းဝင်းကြည်၊ ဦးခင်ထွန်း–ဒေါ်ခင်သန်းလွင်၊ ဦးမြင့်သိန်း–ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ညွှန့်ညွှန့်တင်တို့၏အစ်မကြီး၊ တူ တူမ ၂၄ ယောက်တို့၏ကြီးတော်သည် ၁၇–၅–၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁–၅–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးမောင်ပွား(ခ)ဦးလီဂွမ်း
(မော်လမြိုင်)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး တောင်ပိုင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၀၇ နေ ဒေါ်ညွှန့်၏ခင်ပွန်း၊ ဦးလှဝင်း–ဒေါ်ဌေးဌေးမြင့်၊ ဦးသိန်းကြည်(ခ) ဦးကေသရ၊ ဦးယုကြည်–ဒေါ်စမ်းစမ်းမော်၊ ဦးချိုသိန်း–ဒေါ်သန္တာဖြူ၊ ဦးဌေးအောင်၊ ဦးနေလင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် အမှတ် ၆/၄၊ စည်ပင်သာယာလမ်း၊ မော်လမြိုင်မြို့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၁၆–၅–၂၀၀၄ရက် ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၅–၂၀၀၄ရက် နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

နတ်မောက်မြို့နယ်အသင်း
ဘုရား၊ရဟန်း၊ကျောင်းအမ
ဒေါ်လှကြည် (တန်ရှောက်ဟုန်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၂၊ အင်းလျားလမ်းနေ ဦးတင်ဝင်း(နတ်မောက်မြို့နယ်အသင်း ရာသက်ပန်နာယက)၏ ဇနီး၊ ဦးနေဝင်း–ဒေါ်မို့မို့ထွန်း(စိန်ချယ်ပွဲရုံ၊ ဘုရင့်နောင်)၊ ဦးကြည်ဝင်း၊ ဦးမျိုးဝင်း–ဒေါ်ခင်မာလာ(Tri Star)၊ ဦးသိန်းဝင်း–ဒေါ်စောဥမ္မာ၊ ဦးနိုင်ဝင်း–(ဒေါ်စန်းစန်း)၊ ဦးစိုးဝင်း၊ မမဥ္ဇူသင်းတို့၏မိခင်၊ မမို့မို့နေဝင်း၊ အောင်ပြည့်ဖြိုး၊ အောင်ရဲဝင်း၊ ကောင်းရဲဝင်း၊ ဝင်းဝါအောင်တို့၏ အဘွားသည် ၁၇–၅–၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁–၅–၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာမည်ဖြစ်ပါ၍ နတ်မောက်မြို့နယ်အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။)

အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးလမိုင်ဂမ်အောင်
အသက်(၄၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အိမ်အမှတ် ၈/၁၂၅ နေ (ဦးလမိုင်လ)–ဒေါ်တွယ်ဂျီးတို့၏သားကြီး၊ ဦးလထော်ဇော်ဂျွန်–ဒေါ်လမိုင်အားဆက်တို့၏မောင်၊ (ဦးလမိုင်ထွယ်ဘောက်)–ဒေါ်ဂျန်မော်ခေါန်နူး၊ ဦးဂျီဇော်တူး–ဒေါ်လမိုင်ထန်းဘူ၊(ဦးမရူလဂျော်)–ဒေါ်လမိုင်တွမ်ဆိုင်၊ ကိုလမိုင်အောင်စဲန်တို့၏အစ်ကိုသည် ၁၇–၅–၂၀၀၄ရက် နံနက် ၇း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉–၅–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (တိုက် ၁၁၊ အခန်း ၂၉၊ ဖဆပလနှင့် ရန်ကုန်ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ အမှတ် ၄၀(ဘီ)၊ ရွှေပြည်အေးလမ်း၊ စမ်းချောင်းမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးကျော်တင့်မောင် (ငြိမ်း)
(ဗိုလ်ကလေးမြို့)
ညွှန်ကြားရေးမှူး(ငြိမ်း)
လယ်ယာနှင့်သစ်တောဝန်ကြီးဌာန
တပ်မတော်စိုက်ပျိုးရေး
ကျောင်းအုပ်ကြီး(ငြိမ်း)
အသက်(၇၁)နှစ်

ဗိုလ်ကလေးမြို့နေ(ဦးချစ်–ဒေါ်ကြည်ကြည်) (ကဝိစက္ခုပုံနှိပ်တိုက်)တို့၏သား၊ ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ကုန်းမြင့်ရိပ်သာ၊ အောင်တေဇလမ်း၊ အမှတ် ၅၄(ဘီ)နေ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ ဦးဝဏ္ဏကျော်–ဒေါ်စုစုဝင်း၊ (ဒေါ်ခင်ဥမ္မာကျော်)၊ ဦးဝင်းလင်းထွန်း–ဒေါ်သူဇာကျော်တင့်မောင်၊ ကိုတေဇကျော်တင့်မောင်တို့၏ဖခင်၊ မစုမေဖြူကျော်၊ မောင်ဖြိုးလင်းမောင်၊ မောင်လွင်မောင်ကျော်တို့၏ အဘိုးသည် ၁၈–၅–၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၄ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pu Lal Bik
ဦးစီးအရာရှိ(သစ်တော၊ငြိမ်း)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉၊ A)ရပ်ကွက်၊ သစ္စာ ၆ လမ်း၊ အမှတ် ၁၉၀ နေ Pi Kip Hlei ၏ခင်ပွန်း၊ Pu Len Ceu-Pi Sui Thluai တို့၏သားကြီး၊ Pu Sui Lian Thang၊ Pu Ral Lian Sum၊ Pi Lal Biak Mawi၊ Pi Sui Nei၊ Pu Van Duh Cuang၊ Pastor Van Bawi Nawl တို့၏အစ်ကိုကြီး၊ Saya Thian Khaw Pau (ဓမ္မကထိက၊ METS)၊ (Bawi Lian Bik)–ဒေါ်ချိုချိုဦးတို့၏ဖခင်၊ Mr.Za Lian Sum(B,Th.Final)၊ Peter Van Biak Lal တို့၏အဘိုးသည် ၁၇–၅–၂၀၀၄ရက် ညနေ ၅နာရီတွင်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှသွယ်လှိုင်
(ညဝတီလက်ဖက်ရည်ဆိုင်၊ မြောက်ဦးမြို့)
အသက်(၅၇)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ အမှတ် ၈၊ တောင်ရပ် ၁ နေ (ဦးဘဦး–ဒေါ်စံမိုး)တို့၏သမီး၊ ဦးဦးမြသာ(မြို့နယ်ပညာရေးမှူး၊ မြောက်ဦးမြို့)၏ဇနီး၊ ဦးဦးစံလှိုင် (ဗဟိုစာတိုက်ကြီး၊ ငြိမ်း)၊ ဒေါ်ခင်စစ်လှိုင်တို့၏ညီမ၊ ဒေါ်ခင်အေးလှိုင်(အထပြ၊တာမွေ)၏အစ်မ၊ဦးသောင်းရွှေ–ဒေါ်စောမြတ်နွယ်၊ ဦးကျော်ဝင်း–ဒေါ်စောနန်းနွယ်၊ဗိုလ်ကြီးကျော်စိုးလှိုင်–ဒေါ်ခင်မာနွယ်၊ ဦးဇော်မျိုးသိန်း(စစစ)–ဒေါ်စိုးစိုးနွယ်တို့ မိခင်၊ မနန်းယဉ်မြတ်သူ၊ မောင်စိုးလင်းမောင်၊ မောင်ဟိန်းကျော်ဇော်၊မမီးပုတို့၏အဘောင်ရှင်သည် ၁၆–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၇–၅–၂၀၀၄ရက်တွင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်သည်။ ကျန်ရစ်သူမိသားစု။

လင်အိုက်ကျုံး(ခ)
ဦးဟန်ချွန် (ဖျာပုံ)
အသက်(၉၅)နှစ်

ဖျာပုံမြို့နှင့် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၆၃၊ ၂၅ လမ်း၊ (၁)ရပ်ကွက်နေ (ဒေါ်ခင်စိန်)၏ခင်ပွန်း၊ ဦးစိုးလှ–ဒေါ်လီလီမြင့်၊ ဦးစံငြိမ်း(ဥက္ကဌ ဈေးသာယာရေးအဖွဲ့၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)–ဒေါ်လှကြည်၊ ဒေါ်ခင်မြမြ (အလယ်တန်းပြ–ငြိမ်း၊ အထက–၄၊ တာမွေ)၊ ဦးတင်ဝင်း–ဒေါ်ဌေးဌေးတို့၏ဖခင်၊ ကိုအောင်ကျော်ဦး၊ ဒေါက်တာရန်လင်း – ဒေါက်တာအေးအေးနှင်း၊ ကိုကျော်ကျော်အောင်၊ ကိုမျိုးအောင်–မသာယာသူဝင်း၊ကိုကျော်မင်းသူ(လဝက၊ ရုံးချုပ်)–မအေးအေးမွန်(အာရှနေဘဏ် ရုံးချုပ်)၊ ဒေါက်တာငြိမ်းသူဇာတင့် (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မငြိမ်းအေးအေးကြွယ်(မြန်မာစိန်နှင့် မှိုက်စိန်ဖြန့်ချိရေး၊ သဲဖြူရုံ ဗိုလ်ချုပ်ဈေး)၊ မောင်အောင်ရဲဗိုလ်(Discovery Digital Co., Ltd.)တို့၏အဘိုး၊ မောင်ငြိမ်းချမ်းစံ၊ မောင်ယုံရှမ်းတို့၏ ဘိုးဘိုးကြီးသည် ၁၈–၅–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၅–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၂၅ လမ်း နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအောင်သန်း
Mr.Percy Maurice
နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ [ဦးအုန်းကြည် (Mr. V.J.Maurice)အငြိမ်းစားပညာဝန်–ဒေါ်စိန်ရင်]တို့၏သား၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၇၅၊ ဟံသာဝတီ ၂၂ လမ်း၊ (၆)ရပ်ကွက်နေ(ဒေါ်စန်းကြည်)၏ခင်ပွန်း၊ (ဦးထွန်းရွှေ–Gladys)၊ (Mr.Bertie Maurice)–Violet၊ (ဦးအောင်ဖေ–ဒေါ်လှလှမြိုင်)၊ (ဦးမင်းဆွေ)–ဒေါ်တင်တင်လှ၊ ဦးခင်အောင်–ဒေါ်ခင်မာနွယ်၊ ဦးစိန်ချစ်–ဒေါ်သန်းတင်အေး၊ ဦးမြင့်သန်း–ဒေါ်ခင်အေးလွင်တို့၏အစ်ကို/ညီသည် ၁၇–၅–၂၀၀၄ရက် ည ၁၀း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉–၅–၂၀၀၄ရက် နံနက် ၁၀း၃၀ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တောင်သာမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်စိုး(ခ)ဒေါ်ဆိုး
အသက်(၇၉)နှစ်

ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဦးခင်မောင်ဝင်း၊ ဒေါ်ခင်နှင်းဆွေနှင့် ဒေါ်မေနီကြည်တို့၏မိခင်သည် ၁၈–၅–၂၀၀၄ရက်က ကွယ်လွန်သွားပါသဖြင့်၂၀–၅–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။(သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမင်းဒင်လမ်း၊ တိုက် ၁၆၊ အခန်း ၃ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဘုရား၊ကျောင်းဒါယကာကြီး
ဦးမြင့်သိန်း
သီရိမင်္ဂလာသစ်စက်(လယ်ဝေး)
အသက်(၆၀)

ပျဉ်းမနားမြို့၊ မစိုးရိမ်ရပ်ကွက်နေ (ဦးသန့် – ဒေါ်တင်ဦး)တို့၏ သား၊ (ဦးထွန်းရွှေ)–ဒေါ်တင်ညွန့်တို့၏သားသမက်၊လယ်ဝေးမြို့၊အမှတ်(၃)ရပ်ကွက်နေ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ ဒေါ်လှမြင့်၊ ဒေါ်ခင်မမ၊ ဦးအောင်နိုင်–ဒေါ်နွယ်နွယ်ဦးတို့၏မောင်၊ ဒေါ်ခင်စောလင်း၊ ဦးစိန်ဝင်း–ဒေါ်အေးအေးသန့်၊ ဦးလှမင်း–ဒေါ်ရီရီမြင့်၊ဒေါ်သန်းသန်းနွဲ့၊ ဒေါက်တာဦးချိုချိုထွန်း – ဒေါ်ရီရီမြင့်၊ ဒေါ်စီစီမာတို့၏အစ်ကိုသည် ၁၈–၅–၂၀၀၄ရက် နံနက် ၂း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀–၅–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

တစ်လပြည့်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ခွာရုံထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ဦးစီးပဓာနနာယက ချင်းပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒ သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၂ ရက် (၂၀–၄–၂၀၀၄ရက်) အင်္ဂါနေ့ နံနက် ၆း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို ကဆုန်လဆန်း ၁၁ ရက် (၂၉–၄–၂၀၀၄ရက်) ကြာသပတေးနေ့တွင် ဆင်ယင်ကျင်းပခဲ့ပြီး ဆရာတော်ကြီးအားရည်စူး၍ ၁၉–၅–၂၀၀၄ရက်တွင် တစ်လပြည့်မြောက်သည့်နေ့တွင် ဟားခါးမြို့ ခွာရုံကျောင်း၌ ကျန်ရစ်သူ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများက သံဃာတော်အရှင်မြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

တပည့်သံဃာများ၊ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်စိုး(ခ)ဒေါ်ဆိုး(တောင်သာ)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တိုက် ၁၆၊အခန်း ၃၊ မင်းဒင်လမ်း၊သုဝဏ္ဏနေ(ဦးမောင်ဆောင်–ဒေါ်အေးကျော်)တို့၏သမီး၊(ဦးသာတင်–ဒေါ်ရွှေနု)တို့၏ချွေးမ၊ (ဦးထွန်းကြည်)၏ဇနီး၊ ဦးကြည်သိန်း(အဆောက်အအုံ အထူးအဖွဲ့–၅)–ဒေါ်ခင်နှင်းဆွေ(ဆေးဘုရင်၊ ဗိုလ်ချုပ်ဈေး)၊ ဒေါက်တာဦးခင်မောင်ဝင်း – ဒေါ်ခင်ခင်ငြိမ်း၊ ဦးပိုက်ရ (အမက–၉၊ ကြည့်မြင်တိုင်)–ဒေါ်ခင်စမ်းလွင်(အမက–၅၊ ကြည့်မြင်တိုင်)၊ဒေါ်မေနီကြည်(J.A.T အထက–၁၊ ဒဂုံ)၊ ဒေါ်မေနီကြည်(စိုက်ပျိုးရေး ရုံးချုပ်)တို့၏မိခင်၊ မအေးမင်းလှိုင်၊ မောင်သိန်းဆွေဦး၊မောင်နေမျိုးလှိုင်၊မရွှေရည်ဖြိုးတို့၏အဘွားသည်၁၈–၅–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၂း၁၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၅–၂၀၀၄ ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးသောင်းညွန့်
တပ်မတော်–ရေ(ငြိမ်း)
ရွှေဖလားဆန်ဆိုင်၊ရေကျော်လမ်း
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရား၊ မင်္ဂလာစံကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၏ ရဟန်းဒါယကာကြီး၊ မအူပင်မြို့၊ ရေလဲကလေးကျေးရွာနေ ဦးဘိုးစော–ဒေါ်ကလေးမတို့၏သား၊ မအူပင်မြို့နေ ဦးလှ–ဒေါ်သန်းကြည်တို့၏သားသမက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ရေကျော်လမ်း၊အမှတ် ၁၅ နေ ဒေါ်ခင်အေး၏ခင်ပွန်း၊ ကိုကျော်မောင်–မမူမူအေး၊ ကိုသက်နိုင်ညွှန့် (AB ဆာဘာကုမ္ပဏီ)၊ ကိုသက်လွင်ကို(AB ဗစ်တိုရီးယားကုမ္ပဏီ) – မကြည်ကြည်မြင့်၊ ကိုကျော်စွာဝင်း (AB ဂိုးဒင်းအီးဂဲလ်ကုမ္ပဏီ)တို့၏ဖခင်၊ မောင်ဟိန်းထက်စိုး–မြတ်အိမ်လွင်၊ မောင်ဇေယျာလင်းတို့၏အဘိုးသည် ၁၈–၅–၂၀၀၄ရက် နံနက် ၇း၂၀ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၀–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

၂၄–၅–၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Do Hmung
အသက်(၃၄)နှစ်

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဆူရ်ခါးကျေးရွာနေ Pu Mang Hram–Pi Ni Phawng တို့၏ တတိယမြောက်သား၊ Nu Khin Mya Win၊ Pu San Tin Mang (GE-2၊ ဂြိုဟ်တုဆက်သွယ်ရေး)–Pi Tial Tang၊ Pu Thawng Kam Mang–Pi Run Hliang၊ Pi Cherry Mang(မူ/ပြ)–Pu Mg Mg တို့၏ ညီ/မောင်၊ Pa Za Len Hmung, Nu Hniang Men Tial (မူ/ပြ) တို့၏အစ်ကိုသည် ၁၈–၅–၂၀၀၄ရက် နံနက် ၆း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀–၅–၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကားများကို ဂြိုဟ်တုဆက်သွယ်ရေးစခန်း၊ တိုးကြောင်ကလေး၊ မ/ဒဂုံ မွန္တလေးမှတ်တိုင်၊ ယုဇနဥယျာဉ်မြို့တော်၊ လှိုင်သီရိအိမ်ရာ၊ အင်းစိန် M.I.T တို့မှ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံလှ
(ဘုတလင်မြို့နယ်၊ ဆုံကုန်းရွာ)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊ ၂၂ လမ်း၊ အမှတ် ၈၀–၈၂(ပထမထပ်)နေ ဒေါ်လှကြည်၏ခင်ပွန်း၊ ဦးကျော်သိန်း–ဒေါ်လှလှမြင့်၊ ဒေါ်မာမာအေး(အမက– ၂၊ ကျောက်တံတား)၊ကိုမြင့်ဇော်–မစန်းစန်းသွယ်၊ ကိုမြင့်စိုး–မမိုးမိုးသက်၊ (ကိုကျော်အောင်)–မအေးအေးမူ၊ မသီတာထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၇–၅–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာ
ဦးလှမောင် (ရွှေကူမြို့)
(ရေယာဉ်မှူးအငြိမ်းစား)
ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး
အသက်(၆၆)နှစ်

ဟင်္သာတမြို့၊ သာရဝေါ်နေ (ဦးမောင်လေး–ဒေါ်ခင်တုတ်)တို့၏သား၊ ကချင်ပြည်နယ်၊ ရွှေကူမြို့နေ(ဦးလွှာ–ဒေါ်အေးသစ်)တို့၏သားသမက်၊ အမှတ် ၁၀/၂၀၀၊ ၁၁၈လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ကျော်ကျော်၏ခင်ပွန်း၊ မစန္ဒာဝင်း(ခ)မဝေ၊ (မောင်မျိုးဝင်း)(ရပက)–မသန်းသန်းဝင်း၊ မောင်မျိုးဆွေ–မဝင်းနီမောင်(စည်ပင်)၊ မောင်မျိုးသူ၊ မမေမြတ်သူ–မောင်တင့်ထွန်းနိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၇–၅–၂၀၀၄ရက် မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၅–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး
ဦးမြင့်သိန်း
သီရိမင်္ဂလာသစ်စက်(လယ်ဝေး)
အသက်(၆၀)

ပျဉ်းမနားမြို့၊ မစိုးရိမ်ရပ်ကွက်နေ (ဦးသန့် – ဒေါ်တင်ဦး)တို့၏ သား၊ (ဦးထွန်းရွှေ)–ဒေါ်တင်ညွန့်တို့၏သားသမက်၊လယ်ဝေးမြို့၊အမှတ်(၃)ရပ်ကွက်နေ ဒေါ်သန်းသန်းအေး၏ ခင်ပွန်း၊ ကိုစိုးမိုးကျော်–မည်ညိုသိန်း၊ ကိုလင်းလင်းသိန်း၊ ကိုထွန်းဝင်း–မဥမ္မာသိန်း၊ ကိုအောင်ဆန်းသိန်း – မဝင်းအိအိခိုင်၊ ကိုဇော်မင်းထွန်း–မအိစာခြည်သိန်းတို့၏ဖခင်၊ မြေး၁၁ယောက်တို့၏အဘိုးသည် ၁၈–၅–၂၀၀၄ရက် နံနက် ၂း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀–၅–၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရှိန်းသူအောင်(ခ)ဝဏ္ဏမင်း
(သာကေတ)
အသက်(၂၀)

အမှတ် ၁၉၂၊ သဒ္ဓါရုံ ၁ လမ်း၊ (၂)မြောက်ရပ်ကွက်နေ ဦးစိုးတင့်(ခ) ဦးမင်းထင်ကျော် – ဒေါ်ခင်ဌေးမြင့်(ခ) ဒေါ်ခင်မင်းဟန်တို့၏ မြေးဦး၊ ဦးမြင့်စိုး(ခ)ဦးစံနီ–ဒေါ်ခင်ဌေးမူတို့၏ သားဦး၊ မအိဇာလင်းဟန်၊ မင်းသီရိမောင်၊ မင်းသီရိအောင်တို့၏အစ်ကိုသည် ၁၅–၅–၂၀၀၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၅–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ကလေးသူငယ်စောင့်ရှောက်ရေး လူမှုရေးအဖွဲ့အစည်းနှင့်စေတနာရှင်ပြည်သူများ တက်ကြွစွာဆောင်ရွက်လျက်ရှိ မြန်မာမိသားစုတွင် ကလေးများကိုကြင်နာစွာပြုစုစောင့်ရှောက်တတ်သည့် ကောင်းမြတ်သည့်အစဉ်အလာများရှိ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး အလေးထားဆောင်ရွက်မှုများ နိုင်ငံတကာကသိရှိအောင်ဆွေးနွေးခဲ့ကြ

ရန်ကုန် မေ ၁၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ ဂျီနီဗာမြို့တွင်ကျင်းပမည့် ကုလသမဂ္ဂကလေးသူငယ်များဆိုင်ရာ အစည်းအဝေးသို့တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံမှာကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၅ ကော်လံ ၁ ✻

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။

(အောက်ပုံနှင့် ယာအောက်ပုံ) (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း၌ဆက်လက်ကျင်းပ ကိုယ်စားလှယ် ၉၈ ဒသမ ၈၁ ရာခိုင်နှုန်း တက်ရောက်၍ အစည်းအဝေးအထမြောက် အသေးစိတ်အခြေခံရမည့်မူများ ကျင်းပရေးလုပ်ငန်းကော်မတီကရှင်းလင်း

ရန်ကုန် မေ ၁၈

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာ ခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး